
SILVER WOLF
by Manie Khin

# Part 1

လွန်ခဲ့သော နှစ်ပေါင်းများ စွာက ကမ္ဘာပေါ်တွင် ကြီးမားကျယ်ပြန့်သော နိုင်ငံကြီးများ မပေါ်ပေါက်သေးဘဲ နိုင်ငံငယ်များ စွာ သီးခြားနေထိုင် ခဲ့ကြသည် ။ လူမျိုးစုပေါင်းများ စွာ နိုင်ငံပေါင်းများ စွာ တသီးတခြား နေထိုင်ခဲ့ကြသော ထိုခေတ်ကာလ၌ တန်ခိုးအထွားဆုံး ဩဇာအရှိဆုံး နိုင်ငံကြီးတစ်ခု ပေါ်ပေါက်လာခဲ့သည် ။ မြို့ပြနိုင်ငံ(၄)နိုင်ငံစုပေါင်းပြီး နိုင်ငံသစ် ထူထောင်ခဲ့သော ထိုနိုင်ငံကို သူရဇ္ဇယတိုင်း နိုင်ငံဟု ခေါ်တွင် ခဲ့ ကြလေသည် ။

သူရဇ္ဇယနိုင်ငံသည် အမည်နာမနှင့် လိုက်ဖက်စွာ ဩဇာတိက္ကမ ကြီးမားသော ရဲရင့်ထက်မြက်သည့် သူရဇ္ဇယမင်းက စုစည်းတည်ထောင် ခဲ့ခြင်းဖြစ်ပြီး နိုင်ငံ၏ ချမ်းသာကြွယ်ဝမှု၊ ကာကွယ်ရေးအင်အား တောင့်တင်းမှုတို့ ကြောင့် အနီးအနား နိုင်ငံတို့ က အလေးပေး ဆက်ဆံရသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့လေသည် ။ သူရဇ္ဇယတိုင်း နိုင်ငံ၏ ဘုရင့် နေပြည်တော်ကို မြို့ပြနိုင်ငံ (၄)နိုင်ငံ အလယ်တွင် တည်ထားပြီး မင်းနေပြည်တော် ကိုလည်း သူရဇ္ဇယ ရွှေမြို့တော်ဟု သာ ခေါ်တွင် ခဲ့လေသည် ။ မင်းကြီး သူရဇ္ဇရ၏ တိုင်းနိုင်ငံ တိုးတက်ဝေစည်၍ လာခဲ့သည် မှာ ယခုဆိုလျှင် မင်းဆက်(၄)ဆက်မြောက် ဘုရင်ရဒ္ဓ လက်ထက်သို့ပင် ရောက်ရှိလာခဲ့ချေပြီ။

ယနေ့သည် သူရဇ္ဇယ ရွှေမြို့တော်၏ ထူးခြားသော နေ့ထူးနေ့မြတ်

ဖြစ်ပေသည်။ မြို့ပြနိုင်ငံငယ်များမှ ဘုရင်ခံများ၊ အရေးကြီး ဧည့်သည်တော်များ သူရဋ္ဌယ ရွှေပြည်တွင် စုရုံးရောက်ရှိ နေကြပြီး မြို့တော်၏ မြောက်ဘက်မြို့ရိုးရှိ ဥယျာဉ်တော်ဆီသို့ တဖွဲဖွဲ သွားနေကြလေသည်။ အမျိုးသမီး သုံးယောက်က လမ်းသွားနေရင်းဖြင့်-

"အနောက်ပိုင်း မျိုးနွယ်စုရဲ့ မင်းသားက ရုပ်ရည်ရူပကာ အတော် တင့်တယ်တယ်လို့ ပြောနေကြတယ် တော်ရုံ အမျိုးသမီးတွေရဲ့ အလှမျိုး တောင် မယှဉ်နိုင်အောင် ချောလှတယ်တဲ့ "

ဟု ပထမ အမျိုးသမီးကဆိုရာ အံ့ဩသော မျက်နှာထားနှင့် ဒုတိယ အမျိုးသမီးက-

"ဟုတ်လား အမျိုးသား တစ်ယောက် အဲသလိုလှတာ မကြုံဖူးပါဘူး အေ အသင် အပိုစကားတွေ ဆိုနေတာမို့လား"

မယုံသင်္ကာ မေး လိုက်လေသည်။ ထိုအခါ တတိယ အမျိုးသမီးက-

"အနောက်ပိုင်း မျိုးနွယ်စုမင်းသားနဲ့ မင်းကြီးရဲ့ သမီးတော် အငယ်ဆုံးတို့ က အတော်လိုက်ဖက် တင့်တယ်မှာ ပေါ့ မင်းသမီးကလည်း ရွှေရုပ်ကလေးလို လှတယ် ပြီးတော့ နှစ်နိုင်ငံ ချစ်ကြည်ရေး အတွက် လက်ဆက်ကြတာ ဆိုတော့ နှစ်နိုင်ငံလုံးအတွက် ရွှေလမ်း ငွေလမ်းပါပဲ"

တတိယ အမျိုးသမီး ပြောစကားကို ဒုတိယမြောက် အမျိုးသမီးက ခေါင်းညိတ်၍ ထောက်ခံကြောင်း ပြောလိုက်သော်လည်း ပထမ အမျိုးသမီးက-

"အို ရွှေလမ်းငွေလမ်းတွေ နောက်မှာ ထား ဒီလက်ဆက်ပွဲမှာ အရမ်းချောတယ်လို့ နာမည်ကြီးနေတဲ့ မင်းသားလေးကိုပဲ ပိုစိတ်ဝင်စားတယ်"

ဟု ဆိုလိုက်သဖြင့် ကျန်အမျိုးသမီး နှစ်ယောက်၏ မျက်စောင်း ထိုး

ခြင်းကို ခံလိုက်ရလေသည် ။ မျက်စောင်းထိုး ခံလိုက်ရ၍ ရယ်ကျဲကျဲ ဖြစ်နေသောသူ့ကို တတိယမြောက် စကားပြောသော အမျိုးသမီးက-

"စိတ်ဝင်စားမှု အားကောင်းချက်ဟာလေ ... မပြောချင်ဘူး ဟွန်း" ဟု ဆို လိုက်လေတော့သည် ။

ဥယျာဉ်တွင်း၌ ရွှေဝါရောင် ပိုးစများ နှင့်လှပစွာ တန်ဆာဆင်ထားပြီး ပန်းအရောင်စုံ တို့ ကလည်း နေရာမလပ် ဖူးပွင့်နေကြ သောကြောင့် ရွှေဥယျာဉ် တစ်ခုကဲ့သို့ အလွန်တရာ လှပနေသည် ။ မွှေးပျံ့သော ပန်းတို့ ၏ ရနံ့တို့ ကလည်း လိပ်ပြာတို့ ကို ညို့နေသယောင် ဖြစ်နေသဖြင့် အရောင်အသွေးအစုံ လိပ်ပြာတို့ သည် လည်း တလွန်းလွန့်နှင့် ပျံသန်းနေကြ ပြန်လေသည် ။ ရောက်လာသူ အားလုံးကလည်း ဥယျာဉ်၏ အလှအပကို အံ့သြငေးမော သွားကြသူချည်းသာ ဖြစ်၏။

ဥယျာဉ်၏ အလယ်တွင် မင်္ဂလာစင်မြင့်ကို ဆောက်လုပ်ထားပြီး လက်ယာဘက် ဘေးတွင် မင်းကြီးနှင့် မိဖုရားခေါင်ကြီးတို့ အတွက် သလွန်တစ်ခု ပြင်ဆင်ပေးထားသည် ။ ဘေးဘယ်ညာနှင့် နောက်တွင် မိဖုရားငယ်များ မင်းသား မင်းသမီးများ အတွက် နေရာထိုင်ခင်းများ ပြင်ဆင်ပေးထားသည် ။ လက်ဝဲဘက်တွင် တော့ ဘုရင်ခံငယ်များ မှူးကြီးမတ်ရာများ အတွက် ပြင်ဆင်ပေးထားပြီး စင်၏ အရှေ့ဘက် နေရာကျယ်တွင် တော့ ဧည့်သည် တော်များ အတွက် နေရာစီမံပေး ထားလေသည် ။

ဧည့်ပရိသတ် အပေါင်းလည်း နေရာအသီးသီး၌ ဝင်ထိုင်လိုက်ကြပြီး စကားစမြည် ပြောနေကြလေသည် ။

"ဥယျာဉ်ကလေးကတော့ လှပါတယ် ဒါပေမဲ့ မင်းညီ မင်းသားတွေရဲ့ လက်ဆက်မင်္ဂလာကို နန်းတော်မှာ မကျင်းပဘဲ အပြင်မှာ ကျင်းပတာ ပ

ထမဆုံး ကြုံဖူးတာပဲ"

"အဲဒါအနောက်ပိုင်းမျိုးနွယ်စု မင်းသားရဲ့ တောင်းဆိုမှုကြောင့်တဲ့ "

"အော် အဲဒီလိုလား ... "

"မှန်ပါ့ဗျာ ... မင်းသားက မင်းသမီးလေးရဲ့ လက်ဆက်ပွဲဟာ ဘယ်လောက် ခမ်းနား ကြီးကျယ်ကြောင်း တစ်လောကလုံးကို သိစေချင်လို့လို့ ပြောသတဲ့ "

အာပေါင်အာရင်း သန်သန်နှင့် ပြောနေသော ထိုလူ့အနား လူအချို့ဝိုင်းလာကြသည် ။ ပြောသူက လူဝိုင်းလာသဖြင့် အားတက်သွားကာ-

"မင်းသားက မင်းသမီးလေးကို လက်ဆက်ခွင့်ရဖို့ လက်ဖွဲ့အနေနဲ့ ရတနာသေတ္တာ အလုံး(၅၀)၊ ပုလဲသန္တ့အလုံး(၅၀၀)၊ ကျွန်(၅၀၀) ပေးခဲ့တယ်တဲ့ "

သူ့စကားကြောင့် နားထောင်သူများက တအံ့တသြနှင့် အားကျနေကြ လေသည် ။ နားထောင်နေသူများ ထဲမှ တစ်ယောက်က-

"အေးပေ့ါလေ ဒါကသာမန် လက်ဆက်ပွဲလေးမှ မဟုတ်ဘဲ မင်းမျိုးမင်းနွယ်တွေရဲ့ သွေးစည်း ပေါင်းစပ်မှုပဲလေ အဲဒီလောက်က မဆန်းပါဘူး ရောင်းရင်းတို့ အဆွေတော်တို့ လည်း ငါ့သမီးလေး နှမလေးများ ဆိုရင်ဆိုပြီး အားကျမနေကျနဲ့ မတူနိုင်ဘူးလေ"

ဟု ဆို လိုက်လေသည် ။ ထိုသူ့စကားကြောင့် ဝိုင်း၍ နားထောင်နေကြသူများ နေရာမှ ခွဲထွက်သွားကြ လေတော့သည် ။ ထို့နောက် မသွားသေးဘဲ ကျန်နေသေးသည့် သူများ ထဲမှ တစ်ယောက်က

"ရောင်းရင်းရယ် သင်ကသာ မင်းသားလေးက မင်းသမီးလေးကို အလေးအနက် ထားသယောင် ပြောနေတာ ကျွန်ုပ်ကြားတာက မင်းသား

က မင်းသမီးနဲ့ လက်ဆက်ဖို့ တော်တော်ကိုဆန္ဒ မရှိခဲ့ဘူးဆိုပဲ"

ထိုသူ့စကားကြောင့် ပထမဆုံး အာပေါင်အာရင်း သန်သန်ဖြင့် ပြောခဲ့သူက ထိတ်လန့်ဟန်ဖြင့်-

"ရှူး ... ဒါဘယ်လောက် ပေါက်ကရဆန်တဲ့ စကားလဲ ရောင်းရင်းရယ် ဒီစကား သူများကြားမှ ဖြင့် အန္တရာယ် များ လွန်းပါတယ်"

ဟု ဆိုလိုက်သဖြင့် ထိုသူကဘေးဘီကို အကဲခတ် ကြည့်လိုက်ပြီး လေသံခပ်တိုးတိုးဖြင့်-

"နှစ်နိုင်ငံ ချစ်ခင်ရင်းနှီးမှု အတွက်ဆိုတော့ မငြင်းနိုင်လို့ လက်ခံခဲ့ရပြီး နန်းတွင်းကို စရောက်ကတည်းက မင်းသမီးကိုလည်း သွားမတွေ့ဆုံဘူးတဲ့ မင်းသမီး လာတွေ့ရင်လည်း အကြောင်း အမျိုးမျိုးရှာပြီး ထွက်မတွေ့ဘူးလို့ ပြောကြတယ်"

လူအများ ၏ ပါးစပ်ဖျားတွင် အနောက်ပိုင်း မျိုးနွယ်စု မင်းသားနှင့် မင်းသမီးတို့ အကြောင်းကား မျိုးစုံကြားနေရသည် ။ မည်သည် ကအမှန် မည်သည် က အမှားဟု လည်း ရေရေရာရာ မသိကြချေ။

"ဒူ"

ကျယ်လောင်လှသော မောင်းသံကြောင့် တစ်ယောက်တစ်ပေါက် ပြောနေသော စကားသံများ မီးစရေနှင့် ဖြန်းလိုက်သလို ငြိမ်ကျသွားသည် ။ ဒူးတုပ်၍ ပဆစ်တုပ် ထိုင်လိုက်ကြပြီး သူတို့ ၏ ခန္ဓာကိုယ်များကို ရှေ့သို့ကိုင်းညွတ်ကာ ဦးခေါင်းကို ငုံ့ထားလိုက် ကြလေသည် ။ သူရဓ္ဓယနိုင်ငံ၏ လေးဆက်မြောက်ဘုရင် ရုဒ္ဓမင်းကြီးနှင့် မိဖုရားများ မင်းညီမင်းသား အပေါင်းတို့ ကြွချီ လာလေပြီ။ ဘုရင်မင်းမြတ် သူစံရာသလွန်ထက် နေရာယူပြီးသည် နှင့် နတ်ဆရာငယ် တစ်ဦးက ခရုမှုတ်ကာ လ

က်ဆက်မင်္ဂလာကို စတင်လိုက်တော့၏။

ခရာသံ ဆုံးသွားသည် နှင့် ဧည့်ပရိသတ် အလယ်တွင် ခင်းကျင်းထားသော လျှောက်လမ်းမှ မင်္ဂလာမောင်နှံတို့ ဖြည်းညင်းစွာ ဝင်လာကြလေသည် ။ ဧည့်ပရိသတ် အပေါင်းတို့ ၏ အာရုံစူးစိုက်မှုများက အနောက်ပိုင်း မျိုးနွယ်စုမင်းသား အပေါ်သို့ ရောက်ရှိသွားကြသည် ။ ရွှေဝါရောင် ခြုံလွှာကို ဝတ်ဆင်ထားပြီး နှံ့သာရောင်ဝတ်စုံနှင့် လိုက်ဖက်လွန်းလှသည့် ယောက်ျားပျိုတစ်ဦး မင်းသမီး၏ လက်တစ်ဖက်ကို ကိုင်ထားရင်း လျှောက်ဝင်လာသည် ။ သူ့မျက်ဝန်းတို့ က ဗာဒံစေ့ကဲ့သို့ ပုံသဏ္ဍာန်ရှိပြီး မျက်ဆန် နက်နက်တို့ က တလက်လက် တောက်ပကာ စူးရှနေသည် ။ ဖြောင့်စင်းသော နှာတံမြင့်မြင့်နှင့် ရဲစိုစိုနေသော နှုတ်ခမ်းများ ၊ ခပ်နက်နက် ဇင်ယော်တောင် မျက်ခုံးများက မေးချွန်ချွန်နှင့် သူ့မျက်နှာကို ပိုမိုလှပသွားစေသည် ။ ဖြူနုစိမ်းဖန့်သော အသားအရေက ကျောက်စိမ်းရုပ်တစ်ခုနှယ် တင့်တယ်လွန်းနေသည် ။

အမျိုးသမီး အပေါင်းတို့ က လက်တတို့ တို့ နှင့် တီးတိုးတီးတိုး သဖန်းပိုးထိုး နေကြသည် ။ ယောက်ျားသားအချို့ အားကျသော အကြည့်များ အချို့၏ အံ့ဩသော အကြည့်များ ဖြင့် ငေးကြည့်နေမိ ကြလေတော့သည် ။

အချို့က-"လောကမှာ အဲဒီလောက်လှတဲ့ ယောက်ျားမျိုး ရှိသေးတာလား..." ဟု တအံ့တဩ ပြောဆိုသံများ အုပ်အုပ်ထွက်ပေါ် လာလေသည် ။

***

လွန်ခဲ့သော(၆)လခန့်က ညတစ်ည၌ -

"ဝုအူ ... အူ ... အူ ... အူ ... "

အဝေးမှ ဆွဲဆွဲငင်ငင် အူလိုက်သံကြောင့်"မုတ" အိပ်နေရာမှ ထထိုင်လိုက်ပြီး ခေါင်းအုံးအောက်မှ ဓားမြှောင်ကို ဆွဲထုတ်လိုက်သည် ။ လှစ်ခနဲဝင်လာသော အရိပ်တစ်ခုကြောင့် ဓားမြှောင်ကို မြှောက်ကာ တိုက်ခိုက်ရန် ပြင်လိုက်ပြီး-

"ဘယ်သူလဲ ... "ဟု မေးလိုက်သည် ။

"ကျွန်တော်မျိုးပါ အရှင့်သား ... "ဆိုသည့်အသံကြောင့် မြှောက်ထားသော ဓားမြှောင်ကို ပြန်ချလိုက်ပြီး-

"သင် ... ကြားလိုက်သလား ... "ဟု သူ့ကိုယ်ရံတော် အဂ္ဂအား မေးလိုက်လေသည် ။

"ကျွန်တော်မျိုး ကြားလိုက်ပါတယ် အရှင့်သား"

"ပြဿနာ တစ်ခုခုတော့ရှိပြီ ထင်တယ်..."

သူတို့ စကား ပြောမဆုံးခင်မှာ ပင် လေကိုတိုး၍ ဖြတ်လာသော အသံတစ်သံကို ကြားလိုက်ရသဖြင့် နှစ်ယောက်သား ကိုယ်ကို တစ်ပတ်လိမ့် ချလိုက်ကာ ခုတင်ဘေး တစ်ဖက်တွင် အကာအကွယ် ယူ လိုက်လေသည် ။ အပြင်ဘက်မှ ဆူဆူညံညံ အသံများကြောင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြီး-

"လုပ်ကြံသူတွေ ရောက်နေပြီ ... "

ဟု "မုတ"က ဆို လိုက်လေသည် ။ အဂ္ဂက အပြင်ဘက်သို့ ခေါင်းထောင် ကြည့်လိုက်ပြီး-

"အရှင့်သား ... ဒီမှာ လုံခြုံအောင် နေပါ ကျွန်တော်မျိုး အပြင်ဘက်ကို သွားကြည့်ပါဦးမယ်"

အဂ္ဂ၏ စကားကြောင့် သူခေါင်းညိတ်ပြ လိုက်သည် ။ အဂ္ဂကအပြင်မှ အသံတို့ ကို နားစွင့်ရင်း တဲတံခါးဝမှ အပြင်ဘက်သို့ လှမ်း၍ အကဲခတ် လိုက်လေသည် ။ မြားတို့ က တဝှစ်ဝှစ်နှင့် အဆက်မပြတ် ပျံဝဲလာကြပြီး အချို့တဲများက မီးစွဲနေကြပြီ။ သူတို့ အဖွဲ့မှ အချို့ကမြားမှန်၍ သေဆုံးနေကြပြီး ကျန်သော တချို့တစ်ဝက်ကမူ မြားမိုးတို့ ကို ခက်ခဲစွာရှောင်တိမ်း နေကြရလေသည် ။ အတုံးအရုံးနှင့် ဒဏ်ရာရသူ၊ သေကြေသူတွေ များ လာသောအခါ ခြုံများ အတွင်းမှ ဓားကိုင်ထားသောသူများ ထပ်မံ၍ ထွက်လာကြလေသည် ။ အဂ္ဂက အင်အားချင်း မမျှတော့သည် ကို ရိပ်မိကာ စိုးရိမ်ပူပန်စွာဖြင့်"မုတ"အနားသို့ပြေး လာပြီး-

"အရှင့်သား ... အရှင့်သားငယ်ကျွန်တွေ အရေးမလှတော့ပါဘူး ထပ်ရောက်လာတဲ့ ရန်သူ့အင်အားကို ခုခဲဖို့ လည်း ခက်ခဲပါလိမ့်မယ် ... ဒါကြောင့် အရှင့်သားကို စိုးရွံ့စွာနဲ့ လျှောက်တင်ပါတယ် ... အရှင့်သား လွတ်မြောက်ရာကို ပြေးပါတော့..."

ဟု လျှောက်တင်လေသည် ။ မုတက အဂ္ဂစကားကြောင့် ဝုန်းခနဲ ထရပ်လိုက်ပြီး-

"ဘယ်လိုစကားလဲ သစ္စာရှိ ငယ်ကျွန်တွေကို ပြစ်ပြေး ရလောက်အောင် ကျွန်ုပ်က သိက္ခာမရှိတဲ့ သူလား ... "

ဟု ဒေါသတကြီး ဆို လိုက်လေသည် ။ မုတ၏ ဒေါသတကြီး ဆိုသံကြောင့် ဒူးထောက်ကာ ကိုယ်ကို မြေနှင့်ထိမတတ် ကိုင်းညွတ်ထားရင်း-

"စိုးရွံ့မိပါတယ်အရှင် ... ကျွန်တော်မျိုး ဆိုလိုရင်းက အရှင့်သား သိ

ကွာညိုးနွမ်းဖို့ ရည်ရွယ်ခြင်း အလျင်းမရှိပါဘူး ကျွန်တော်မျိုး စိတ်ထဲမှ အရှင့်သားကို(၁၈)နှစ်လုံးလုံး တွေ့ခွင့်ရဖို့ မျှော်လင့်နေတဲ့ အရှင်နဲ့ အရှင်မကို ကျွန်တော်မျိုး သစ္စာစောင့်သိ လိုတာကြောင့်ပါ... အရှင်နဲ့ အရှင်မကို ထောက်ထားသော အားဖြင့်အရှင့်သား အသက်ရှင်ပေးပါ ... "

အဂ္ဂ၏ စကားတို့ ကြောင့် မုတ တွေဝေသွားရသည် ။ သူ့စိတ်ထဲ၌ -

(ဖခမည်းတော်နဲ့ မယ်မယ် ... ဟုတ်တယ် ... အမိအဖနဲ့ တွေ့ရဖို့ ကိုယ်တိုင်လည်း (၁၈)နှစ်လုံးလုံး စောင်ခဲ့ရတာပဲ လွယ်လွယ်နဲ့ သေဆုံးသွားဖို့ အတွက် (၁၈)နှစ်လုံး ရှောင်ပုန်းနေခဲ့ရတာ မဟုတ်ဘူး ... ကျိန်းသေ အသက်ရှင်ပြီး ယူရမယ့်တာဝန်တွေနဲ့ မျိုးနွယ်စုတွေကို စောင့်ရှောက်ရမယ်)ဟု စဉ်းစားလိုက်ကာ အဂ္ဂပခုံးအား လက်ဖြင့် ဖိကိုင်လိုက်ပြီး-

"သင်ပြောတာ မှန်တယ် ကျွန်ုပ်မှာ ခ မည်းတော်နဲ့ မယ်မယ့်ကို ဆပ်ရမယ့် မေတ္တာကြွေးတွေ ကျန်နေသေးတယ် မျိုးနွယ်စုတွေအတွက် ထမ်းရမယ့်တာဝန်တွေ ရှိနေတယ် ... ဟင်း"

မုတ သက်ပြင်း ရှည်ချလိုက်ပြီး-

"သေချာပေါက် ... ဘေးကင်းကင်းနဲ့ ပြန်လာပါ"

ဟု အဂ္ဂအား ပြော လိုက်လေသည် ။ အဂ္ဂက မင်းသားကို ဦးညွှတ်လိုက်ပြီး

"မှန်ပ့ါ ... အရှင့်သား"

ဟု ဆိုလိုက်ကာ တဲအပြင်သို့ ခုန်ထွက်သွားလေသည် ။

မုတ က ဓားမြှောင်ကို ခါးတွင် ထိုးလိုက်ပြီး ခုတင်ပေါ်မှ သူ့ရှုံ့ကြိုး အိတ်ကလေးကို လှမ်းယူကာ တဲနောက်မှ ထွက်ခဲ့လေတော့သည် ။ သူ

လျင်မြန်စွာ ပြေးထွက်ခဲ့သော်လည်း ပါးနပ်လွန်းသော လုပ်ကြံသူများက သူ့နောက် ထက်ကြပ်မကွာ လိုက်လာကြ ပြန်လေသည် ။ သူပြေးလွှား ရင်း အနောက်သို့တစ်ချက် လှမ်းကြည့်လိုက်သည် ။ ထိုစဉ် သူရှိရာဆီသို့ တည့်တည့်မတ်မတ် ပြေးဝင်လာနေသော မြားတစ်ချောင်းကို မြင်လိုက် ရသဖြင့် ကိုယ်ကိုစောင်း၍ ရှောင်လိုက်၏။ သို့သော် ကံမကောင်းလှစွာနှ င့် မြားတံက သူ့ညာဘက် လက်မောင်းအား"ဒုတ်" ခနဲနေအောင် စိုက် ဝင်သွားလေသည် ။ သူနာကျင်စွာ အော်လိုက်ရင်း ထိုင်ရက်သား လဲကျ သွားသည် ။

ထို့နောက် လက်မောင်းတွင် စိုက်နေသော မြားတံကို အံကြိတ်၍ ဆွဲ နှုတ်လိုက်သည် ။ မြားတံကို ဖယ်လိုက်သောကြောင့် ဒဏ်ရာမှ သွေး များ ဒလဟော စီးကျ လာလေသည် ။ မှတကဆွဲနှုတ်ထားသော မြားတံ မှ မြားဦးက ချိုးယူကာ သူ့အိတ်ထဲ ထည့်လိုက်သည် ။ ထို့နောက် ဒဏ် ရာကို လက်တစ်ဖက်ဖြင့် တင်းတင်းဖိရင်း ဆက်၍ ပြေးခဲ့လေ တော့သည် ။

သို့သော်အနည်းငယ် ပြေးပြီးနောက်တွင် သူ့ခေါင်းများ မူးနောက် လာသည် ။ ခြေလှမ်းများ မသယ်ချင်လောက်အောင် လေးလံလာသည် ။ အာခေါင်များ ခြောက်ကပ် လာပြီး ရင်ထဲက ပူလောင်လာကာ အရုပ် ကြိုးပျက် လဲကျသွား လေတော့သည် ။

ထို့နောက် သူလဲကျရာနေရာသို့ ဓားကိုင်ထားသောသူ (၃)ဦး ရောက် လာလေသည် ။ ထိုသူတွေထဲမှ တစ်ဦးက လဲကျနေသော မှတအနီး တ ရွေ့ရွေ့တိုးသွားပြီး ဓားကိုရွယ်လိုက်ပြီး ခုတ်ရန်ပြင်လိုက် လေ တော့သည် ။

ထိုစဉ် လှံတစ်ချောင်းသည် လေထဲမှ တဝှစ်ဝှစ် ဝဲပျံ လာပြီး ဓားဖြင့်

ခုတ်ရန် ကြံနေသူနှင့် လဲကျနေသော မုတအကြားရှိ မြေပြင်တွင် လာ စိုက်နေလေသည်။

ဓားကိုင်ထားသူ (၃)ယောက်က နောက်သို့ဆုတ်လိုက်ပြီး လှံပစ်သူ ကို ရှာလိုက်ကြလေသည်။

လပြည့်ည မဟုတ်သော်လည်း တိမ်ကင်းစင်နေသည့် လဆန်းရက် ဖြစ်သောကြောင့် လရောင်က လင်းနေသည်။ ထိုလရောင်အောက်တွင် သူတို့ ရှိရာဆီသို့ တရွေ့ရွေ့ လှမ်းလာနေသူ တစ်ဦးအား တွေ့လိုက်ရ လေသည် ။ ဓားကိုင်ထားသူ သုံးယောက်ထဲမှ တစ်ယောက်က ထိုသူ အား-

"ဒီက ... ရောင်းရင်း မဆိုင်တဲ့ ကိစ္စ ဝင်မပါပါသင့်ဘူး ... "

ဟု ဆို လိုက်လေသည်။ ထိုသူက ဘာမှ ပြန်မပြောဘဲ-

"အဟက် ဟက် ..."

ဟု ခြောက်ကပ်စွာ ရယ် လိုက်လေသည်။ ထိုသူက တဖြည်းဖြည်း သူတို့ နား ရောက်လာတော့ ကျစ်လျစ် ခန့်ထည်သော ကိုယ်လုံးကိုယ်ပေါက်နှင့် မြင့်မားသောအရပ် ပိုင်ဆိုင်ထားပြီး တည်ငြိမ် စွာ ကြည့်နေသော ထိုသူကို တွေ့လိုက်ရဝသည် ။ သူ့အကြည့်ကြောင့် သုံးယောက်သား ခြေနှစ်လှမ်းလောက် နောက်ဆုတ်သွားကြသည် ။ ထို့ နောက် သုံးယောက်ထဲမှ တစ်ဦးက-

"ဒီလူက လူကောင်း မဟုတ်ဘူး ... သူကသေသင့်တဲ့ ရာဇဝတ်သားပဲ "

ဟု ဆိုလိုက်သဖြင့် ... လဲကျနေသော မုတအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်ကာ လက်ညှိုးထိုးလိုက်ပြီး-

"သူက ရာဇဝတ်သား ဟုတ်လား ... "

သူ့အမေးကို ဓားသမားသုံးယောက် ခေါင်းညိတ်အဖြေ ပေး လိုက်လေသည် ။ ထိုသူက ဒုတိယအကြိမ်မြောက် ခြောက်ကပ်စွာ ရယ်လိုက်ပြန်လေသည် ။ သုံးယောက်သား ထိုလူ၏ ရယ်သံကြောင့် နောက်သို့ ခြေနှစ်လှမ်းလောက် ထပ်ဆုတ်သွားပြီး-

"ကျွန်ုပ်တို့ အလုပ် ကျွန်ုပ်တို့ ဆက်လုပ်ပါရစေ အသင့်လမ်း အသင် လျှောက်ပါလား ရောင်းရင်း ... "

သူတို့ စကားကို ဂရုမထားဟန် ပြုနေသော ထိုသူအား စိတ်မရှည်တော့ဟန်ဖြင့် သုံးယောက်သား တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြလေသည် ။ (သူက တစ်ယောက်တည်း ကိုယ်တွေက သုံးယောက် ချမယ်ကွာဆိုတဲ့ အကြည့်မျိုး) ...

ထို့နောက် တစ်ယောက်က-

"ဟာ ပြောမနေနဲ့ ကြာတယ်ကွာ သူ့ပါသတ်ပစ် ... "

ဟု ဆိုကာ ဓားများ ဝှေ့ယမ်းကာ စတင်တိုက်ခိုက်ကြ လေတော့သည် ။ ထိုသူက သူတို့ သုံးယောက်၏ ဓားချက်များကို ရှောင်တိမ်းရင်း သူ့ခါးကြားမှ တုတ်ကိုဆွဲထုတ်ကာ တိုက်ခိုက် လိုက်လေသည် ။ သူ့အား တိုက်ခိုက်လာသည့် ထိုသုံးယောက်၏ လက်များ ၊ ခြေထောက်များ ၊ ဇက်ပိုးများကို တုတ်ဖြင့် ခပ်ပြင်းပြင်းရိုက်ချ တိုက်ခိုက် လိုက်လေသည် ။

အချိန်အနည်းငယ် အတွင်းမှာ ပင် သူ၏ လျင်မြန်သော ရိုက်ချက်များကြောင့် ဓားသမားသုံးယောက် လဲကျမှေ့မျော သွားလေတော့သည် ။ ထို့နောက် မြားဒဏ်ရာနှင့် လဲကျနေသော မုတထံသို့ လျှောက်သွားလိုက်

သည် ။ နှာခေါင်းဝကို လက်နှင့် စမ်းကြည့်လိုက်ပြီး -

"အသက်ရှိသေးတယ် ... "

ဟု ဆိုကာ လရောင်အောက်တွင် မြင်နေရသော မုတမျက်နှာကို သေသေချာချာ ငုံ့ကြည့် လိုက်လေသည် ။ ထို့နောက်-

"ဒါက ယောကျ်ားလေးလား မိန်းကလေးလား ယောကျ်ားတစ်ယောက် ဆိုရင်ရော ဘာလို့ ဒီလောက် လှနေရတာလဲ"

ဟု တစ်ကိုယ်တည်း ပြောလိုက်ရင်း မုတအား ပခုံးပေါ် ထမ်း လိုက်လေသည် ။ ထို့နောက် တခြားလက်တစ်ဖက်ဖြင့် မြေပြင်ပေါ်တွင် စိုက်နေသောလှံကို ဆွဲနှုတ်ယူလိုက် ပြီးနောက် ခြေလှမ်းကြဲကြီးများ နှင့် လှမ်းကာ အမှောင်ထဲတိုးဝင် ပျောက်ကွယ်သွားလေ တော့သည် ။

***

(Part 2)

မုတ ဦးခေါင်းတစ်ခုလုံး အုံခဲနေပြီး မျက်ခွံတွေက လေးလံထိုင်းမှိုင်း နေသည် ။ မျက်လုံးတို့ ကို အားယူ ဖွင့်ကြည့်လိုက်ရာ ပထမဆုံး မြင်ရသည် က သူ မရင်းနှီးသော တဲတစ်လုံး၏ ခေါင်မိုး-

"ငါဘယ်ကို ရောက်နေပါလိမ့်"

စဉ်းစားရင်း လူးလွန့်ကာ ထလိုက်သည် ။ ညာဘက်လက်မောင်းမှ ဆစ်ခနဲ နာကျင်သွားသောကြောင့် ဒဏ်ရာနေရာကို လက်ဖြင့် သာသာဖိရင်း-

"အား ... ကျွတ် ... ကျွတ် ... နာလိုက်တာ ... "

ဟု ညည်းညူ လိုက်လေ၏။

"အော ... သတိရနေပြီလား ... ရောင်းရင်း"

ဟူသော အမေးနှင့်အတူ လူတစ်ယောက် တဲထဲဝင်လာသည် ။ သူ့လက်ထဲမှ ဆေးခွက်ကို လှမ်းပေးရင်း-

"ရော့ ... ဒီဆေးလေး သောက်လိုက်ပါ ... "

သူပေးလာသော ဆေးအားမော့သောက်ရာ အဝင်ဆိုးလွန်း လှသည့်အတွက် မုတ မျက်နှာရှုံ့မဲ့သွား၏။ ထိုသူက မုတ ဖြစ်သွားပုံကို ကြည့်၍

-

"အတော်တော့ ခါးတယ် သည်းခံပြီး သောက်လိုက်ပါ ဒီဆေးက ရောင်းရင်းကိုယ်ထဲက အဆိပ်တွေကို ဖြေပေးနိုင်တယ် ... "

"အဆိပ်ဟုတ်လား ... "

"သင့်လက်မောင်းက မြားထိတာမို့လား ... "

"ဟုတ်ပါတယ် ... "

"အဲဒီမြားမှာ အဆိပ်ပါတယ် သင့်ကိုတွေ့တော့ သင်အဆိပ်တက်နေပြီ ... "

"ကျေးဇူးတင်ပါတယ်ဗျာ ... "

ဟု ကျေးဇူးတင်စကား ပြောရင်း သူ့ကိုကယ်ခဲ့သည့် ထိုသူအား စေ့စေ့စပ်စပ် အကဲခတ် ကြည့်လိုက်သည် ။ အလွန်တရာ မြင့်မားလှသော အရပ်က တဲခေါင်မိုးတို့ နှင့် ထိလုမတတ် ဖြစ်နေသည် ။ အသားအရေတို့ က ပင်ကိုအားဖြင့် ဝါယောင်သန်းမည် ထင်သည် ။ သို့သော် နေလောင်ထားဟန် ရှိပြီးညိုသည့်ဘက် သန်းနေ၏။ ထူထဲသော မျက်ခုံးနက်နက်၊ လေးကိုင်းပုံ နှုတ်ခမ်းနှင့် ပါးသိုင်းမွေးရေးရေး ရှိနေသော ထိုသူ့ပုံက ယောက်ျား ပီသလွန်းသည် ။

"ယောက်ျားကောင်း တစ်ယောက်ဖြစ်ပုံပဲ ရန်သူတော့ ဟုတ်ဟန်မတူဘူး ... "

ဟု တွေးလိုက်ကာ

"ကျွန်ုပ်က မုတ ပါ ဒီကရောင်းရင်းက ... "

"အော ... ကျွန်ုပ်က အကွခရပါ ဒီမှာ တောလိုက်နေတဲ့ မုဆိုး ဆိုပါတော့ဗျာ"

"ကျွန်ုပ်က သိန္နမြို့က ဆရာကြီးဆီကနေ ပညာသင်ပြီး ပြန်လာတဲ့ ကျောင်းသား တစ်ယောက်ပါ"

"အော ... ဒါနဲ့ ... ရောင်းရင်းကို ကယ်တဲ့ ညက ဓားသမား သုံးယောက်က ရောင်းရင်းကို လူကောင်း မဟုတ်ဘူး လို့ ပြောကြတယ် ... အကြောင်းတစ်ခုခုများ ရှိလို့ လား"

မုတ အက္ခရ၏ အမေးကြောင့် ထိတ်ထိတ်ပျာပျာဖြင့်-

"အို ... မဟုတ်တာဗျာ ဘယ်လိုလူတွေက မဟုတ်တမ်းတရား ပြောနေပါလိမ့်"

"ဒါပေမဲ့ အဲဒီလူတွေက သင့်ကို သတ်ချင်နေပုံပဲ"

"ကျွန်ုပ်လည်း မသိတော့ပါဘူးဗျာ ပညာသင်ပြီးလို့ ငယ်ကျွန် တစ်ယောက်နဲ့ မွေးရပ်မြေ ပြန်လာတုန်း ဘာမှန်းညာမှန်း မသိရပါဘဲ တိုက်ခိုက်ခံ ရတော့တာပါပဲ"

မုတ၏ စကားကြောင့် အက္ခရ ယုံကြည်ဟန်ဖြင့်-

"အင်းလေ ... လူမှားတာလည်း ဖြစ်နိုင်တာပဲလေ ... သူတို့ ပြောသလို လူဆိုးတစ်ယောက် ဖြစ်နေရအောင်လည်း ... သင့် ပုံ က ..."

ဟု စကားဆက်မပြောဘဲ မုတအား ပြုံးတုန့်တုန့်နှင့် ကြည့်လိုက်ရာ-

"ကျွန်ုပ်ပုံက ဘာဖြစ်လဲ ... ဆက်ပြောပါဦး ... "

"ကလေး တစ်ယောက်လိုပဲလို့ ပြောမလို့ ပါ ... "

မုတက မျက်လုံးထောင့်ကပ်၍ ဆောင်ကြည့်လိုက်ပြီး-

"ကျွန်ုပ်ကလေး မဟုတ်တော့ဘူး လွန်ခဲ့တဲ့ လေးရက်ကပဲ ၁၈နှစ်ပြည့်ခဲ့ပြီ ... "

အက္ခရက သူ့အားခပ်မာမာ ပြန်ပြောနေသော မုတ အား ထပ်စချင်လာသဖြင့်-

"ကျွန်ုပ်အမြင်တော့ ... သင်က ... ကလေးသာသာရယ်ပါ ... "

"သင် ... သင် ... "

စိတ်ဆိုးနေသော မုတပုံကိုကြည့်ကာ တဟီးဟီး ရယ်လိုက်ကာ-

"ကဲကဲ နားလိုက်ပါဦး ... ကျွန်ုပ် တောလိုက်ထွက်ဦးမယ်"

ပြောပြောဆိုဆို ထွက်သွားသော အက္ခရ နောက်ကျောကို ကြည့်ရင်း-

"ငါ့ကိုများ ကလေးသာသာတဲ့ သူကသာ မျှစ်ကနေ ဝါးပြောင်းသွားတဲ့ အဆင့်နဲ့ ရင့်ထော်နေပြီးတော့"

ဟု တစ်ယောက်တည်း ရန်တွေ့ကာ စိတ်ဆိုးဆိုးနှင့် အိပ်ရာပေါ် လှဲအိပ် လိုက်လေသည် ။ မုတ ဘယ်လောက်ကြာကြာ အိပ်ပျော်သွားသည် မသိ။ မွှေးပျံ့သော ရနံ့တစ်ခုက နှာခေါင်းထဲ တိုးဝင်သဖြင့် အိပ်မှုန်စုံမွှားနှင့် အိပ်ရာမှ ထ ထိုင်လိုက်ပြီး-

"ဗိုက်ဆာလိုက်တာ ... မွှေးနေတာပဲ"

ဟု ဆိုကာ အကျောဆန့် လိုက်လေသည် ။

"ဒါဆို ... စားလေ"

ရုတ်တရက် ကြားလိုက်ရသော အသံကြောင့် မုတလန့်သွားပြီး-

"အသံလေးဘာလေး ပြုပါဗျာ ... လန့်သွားတာပဲ သင် ဘယ်တုန်းတည်းက ပြန်ရောက်နေတာလဲ"

"နည်းနည်းတော့ကြာပြီ ... သင် သွားရည်တွေကျပြီး အိပ်နေတဲ့ အချိန်တည်းက ဆိုပါတော့... "

"ဟမ် ... "

မုတ သူ့နှုတ်ခမ်းစွန်းတို့ ကို ယောင်ယောင်နနနှင့် စမ်းကြည့်လိုက်ပြီး တဖက်သို့ မျက်နှာလွှဲကာ-

"နဂိုတည်းက ငါ့ကိုကလေးလို့ ပြောနေတာ ... အခုတော့ ... ငါပို အပြောခံ ရတော့မယ် ... "

"တိုးတိုး တိုးတိုးနဲ့ ဘာတွေပြောနေတာလဲ ... ဗိုက်ဆာပြီဆို ... မစားသေးဘူးလား ... ဒီမှာ ငါးကင်ထားပေးတယ် စားလိုက်"

မုတက အက္ခရကို မကြည့်ဘဲ ငါးကင်ကို လှမ်းယူလိုက်သည် ။ မျက်နှာလွှဲနေသော မုတကို အက္ခရက စချင်လာသဖြင့်-

"အသင် ဘာဖြစ်နေတာလဲ ... ရော် ... ဘာလဲ ကလေးအရွယ်မို့လို ကလေးခေါ်တာကို စိတ်ကောက်နေတာလား ... "

"စိတ်ကောက်ရအောင် ... ကျွန်ုပ်က သခင်မလေး မို့လို့ လား ... "

မုတ၏ ဘုကျကျ စကားကြောင့် အက္ခရ ရယ်ချင်မိသွားသည် ။

"စိတ်ကောက်တာ မဟုတ်ဘူး ဆိုရင် ... ဧကန္တ ဟိုအိပ်နေရင်း ... သွားရည် ... ကျ ... "

သူ့စကားမဆုံးခင်ပင် မုတက ငါးကင်ကို သူ့ပါးစပ်ထဲ ထိုးထည့်လိုက်လေသည် ။ အက္ခရက တခွီးခွီးရယ်ရင်း စိတ်ထဲမှ -

"သူ့ကြည့်ရတာ ... မျိုးရိုးကြီးထဲကလာတဲ့ ... သူဌေးသူကြွယ် ပေါက်စပဲ ဖြစ်ရမယ် အခုလိုကိစ္စ သေးသေးလေးတွေ ကိုတောင် ဆတ်ဆတ်ထိမခံနိုင်ဘူး ... အဟားဟား"

***

(၃)ရက်ခန့် ကြာပြီးနောက် ...

မုတ၏ ဒဏ်ရာမှာ အတော်အသင့်ပင် သက်သာပျောက်ကင်း လာခဲ့ပြီ။ ထို့ကြောင့် အက္ခရနှင့် တောလိုက်ရန် ထွက်ခဲ့လေသည် ။

"အက္ခရ ... ဘယ်ရောက်သွားပါလိမ့်"

ဘယ်ဘက်ထွက်သွားမှန်း မသိသော အက္ခရကို ဟိုဟိုဒီဒီရှာကြည့်ရင်း မတွေ့သဖြင့် စမ်းချောင်းဘေး၌ ထိုင်ကာ-

"အဂ္ဂတစ်ယောက် အဆင်ပြေရဲ့ လား မသိဘူး ... ဒဏ်ရာကလည်း သက်သာနေပြီ ဆိုတော့ ခရီးဆက်ဖို့ လုပ်ရမယ်"

"ဖြုန်း ... "

"အ ... "

ရုတ်တရက် အေးစက်နေသော ရေများက သူ့အားလာစင်သဖြင့် လန့်သွားရသည် ။

"ဟာ ... ဘာလဲ ... "

"အဟာဟား ... မုတ ... သင် အဲဒီမှာ ရှိနေတာလား ကျွန်ုပ် တကယ် မမြင်လိုက်ဘူး ... "

တမင်ရေနှင့်ပက်ပြီး ဟန်ဆောင်ပန်ဆောင် ပြောနေသော အက္ခရအား အမြင်ကပ်ကပ်နှင့် နံဘေးရှိ ခဲတစ်လုံးကောက်ပြီး လှမ်းထုလိုက်သည် ။

"မလုပ်နဲ့ နော် ... မလုပ်နဲ့ "

"မပြေးနဲ့ သူတစ်ပါးကိုတော့ စိတ်အနှောင့်အယှက် ပေးတတ်တယ်မို့ လား အခုလာခဲ့ ... "

အက္ခရက တဟားဟားရယ်ရင်း ပတ်ပြေးနေပြီး မုတက ခဲများကောက်ကာ လိုက်ထုနေတော့သည် ။ မုတနှင့် အက္ခရတို့ တွေ့ကြသည် က ရက်ပိုင်းသာ ရှိသေးသော်လည်း ရန်ဖြစ်ကြသည့် အရေအတွက်က ပိုများနေသည် ။ အက္ခရက မုတ မကြိုက်မှန်းသိလျှင် ပိုစတတ်ပြီး၊ မုတက လည်း သေးသေးတင်မခံ စွာတေးလန်မို့ အမြဲသတ်နေကြသည် မှာ မစမ်းပေ။

ရန်ပွဲပြီးသည့်နောက် စမ်းချောင်းဘေးတွင် ထိုင်လိုက်ကြသည် ။

"နောင်တော်အက္ခရ ... ကျွန်ုပ် မွေးရပ်ပြန်ဖို့ ခရီးဆက်တော့မယ် ... "

"ဟင် ... သွားတော့မလို့ လား"

"ဟုတ်တယ် ... ကျွန်ုပ်မိဘတွေလည်း မျှော်နေရော့မယ် ... ပြီးတော့ လူမှားပြီး တိုက်ခိုက်ခံရတဲ့ သတင်းလည်း သူတို့ သိလောက်ပြီ ... ရက်ကြာနေရင် ... အလကား စိတ်ပူနေကြမှာ စိုးတယ် ... ဒဏ်ရာတွေ လည်း ကောင်းနေပြီဆိုတော့ ... "

"ဒဏ်ရာက တကယ်ရော သက်သာရဲ့ လား ... "

"သက်သာနေပါပြီ ဒီမှာ ကြည့်လေ ... "

မုတက ပြောပြောဆိုဆို အင်္ကျီစကိုဆွဲတင်ပြီး ဒဏ်ရာကို ပြလိုက်သည် ။ အက္ခရမကြည့်။ မျက်နှာတည်သွားပြီး

"ဟင်း ... "

ဟု သက်ပြင်းချပြီး နေရာမှ ထထွက်သွားလေသည် ။

မုတကအနောက်မှ အပြေးလိုက်ရင်း-

"စောင့်ဦးလေ ... "

ဟု အော်ရင်း ပြေးလိုက်သွား၏။ အက္ခရခြေလှမ်းကို အနည်းငယ် နှေး၍ လျှောက်ကာ မုတ သူ့ဘေး ရောက်လာတော့မှ -

"အင်းလေ ... အချိန်တန်ရင် ... သွားရမှာ ပဲပေ့ါ"

"မွေးရပ် ပြန်ရောက်ပြီးလို့ အဆင်ပြေတဲ့ တစ်နေ့ကျရင် နောင်တော့် ဆီ ပြန်လာတွေ့မယ်နော်... "

"ဘယ်မှာ လာတွေ့မှာ လဲ ... "

"ဒီမှာ လေ ... ဒီနေရာကိုမမေ့ပါဘူး ... မှတ်မိပါတယ်"

"ကျွန်ုပ်ဒီမှာ အမြဲနေတယ်လို့ ထင်နေတာလား ... "

"ဟင် ... နောင်တော်အက္ခရက ဒီမှာ နေတာ မဟုတ်ဘူး လား ... "

အက္ခရခေါင်းခါယမ်း ပြလိုက်ပြီး-

"ဒီနေရာက ကျွန်ုပ် တောလိုက်တဲ့ အခါမှ နေဖြစ်တဲ့ နေရာလေးပါ .. . တကယ်က ကျွန်ုပ်က သူရဋ္ဌယ ရွှေပြည်မှာ နေတာ"

"အော် ... အဲဒီလိုလား ... အဲဒါဆိုလည်း ဘာဖြစ်လဲ သူရဋ္ဌမြို့တော် မှာ လာတွေ့မယ်လေ"

မုတစကားကြောင့် ခပ်တည်တည် ဖြစ်နေသော အက္ခရပြုံး လာပြီး ...

"ဒါဆို သေချာပေါက် လာတွေ့ပါ"

ဟု ဆိုကာ သူ့ခါးကြားမှ ဓားမြှောင်အား ဆွဲထုတ်လိုက်ပြီး အကွခရလက်ထဲ ထည့်ပေးလိုက်သည်။ ထို့နောက်...

"ရွှေမြို့တော်ရောက်ရင် ပန်းပဲသမား မောင်ဝန်းကိုရှာ သူ့ကို ဒီဓားလေးပြလိုက် သူက ကျွန်ုပ်နဲ့ တွေ့ဖို့ စီစဉ်ပေးလိမ့်မယ်"

"ကောင်းပါပြီ...."

"သင့်ကိုရော ဘယ်မှာ လာရှာလို့ ရမလဲ ... "

"ကျွန်ုပ်မိဘတွေက မြောက်ပိုင်းနယ်စပ်က ရွာတစ်ရွာမှာ နေတဲ့ ကုန်သည် တွေပါ ... "

"ထင်ပါတယ် ချမ်းသာတဲ့ ကုန်သည် မျိုးရိုးမို့ သခင်မလေး တစ်ယောက် လိုဖြစ်နေတာ"

"ဘာ ... သခင်မလေးလဲ ... စ လာပြန်ပြီ"

"အဟက် ... မှားလို့ ... မှားလို့ ... သခင်လေးလို့ ပြောတာ ... ဟီးဟီး .
.. "

မုတက အကွခရအား မျက်ထောင့်နီဖြင့် လှမ်းကြည့် လိုက်လေသည်။

"အေးပါ ... အေးပါ ... မစတော့ဘူး ... လာ ... တဲပြန်ကြစို့"

ထို့နောက် နှစ်ယောက်အတူ တဲသို့ ပြန်ခဲ့ကြလေသည် ။ မုတ စိတ်ထဲတွင် တော့-

ကျွန်ုပ်ဘဝအမှန်ကို မပြောပြခဲ့တာ ခွင့်လွှတ်ပါ နောင်တော် ... ကျွန်ုပ်မိဘတွေက ကျွန်ုပ် အသက်ရှင်ဖို့ အတွက် ကျွန်ုပ်ဘဝမှန်ကို (၁၈)နှစ်ကြာ ဖုံးကွယ်ထားကြပြီးပြီ အချိန် နည်းနည်းလောက် ထပ်စောင့်ပြီး တစ်နေ့နေ့ရောက်မှ ကျွန်ုပ်ကိုခွင့်လွှတ်ဖို့ တောင်းပန်ရင်း ကျွန်ုပ်

အကြောင်း အမှန်တရားတွေ ပြောပြပါမယ် ... အခုတော့ ...

***

မုတ၏ ဘဝမှန် ...

သူရဇ္ဇတိုင်း၏ အနီးပတ်ဝန်းကျင်ရှိ နိုင်ငံငယ်များ တွင် မြောက်ပိုင်း မျိုးနွယ်စုနိုင်ငံနှင့် အနောက်ပိုင်း မျိုးနွယ်စုနိုင်ငံ နှစ်နိုင်ငံလည်း ပါဝင်သည် ။ တစ်သီးတသန့် လျှို့ဝှက်စွာ နေထိုင်ကြသော နိုင်ငံငယ်များ ဖြစ်ကြပြီး ၎င်းတို့ နှစ်နိုင်ငံကြားတွင် နှစ်ပေါင်းများ စွာက ရန်ငြွေးများ လည်း ရှိနေကြသည် ။ သို့သော် မြောက်ပိုင်း မျိုးနွယ်စုတို့ ၏ အင်အား ကြီးမားမှုကိုတော့ အနောက်ပိုင်း မျိုးနွယ်စုတို့ က မယှဉ်နိုင်ခဲ့ကြပေ။ ထို့အတွက် သူရဇ္ဇယတိုင်း၏ အရေးပါ အရာရောက်သော ဘုရင့်နတ်ဆရာကြီး ဂုဏနှင့် ပူးပေါင်းခဲ့ ကြလေသည် ။

ထိုခေါက်က နတ်ကိုးကွယ်မှု အများ ဆုံး ဖြစ်ပြီး ဘုရင်ကလည်း နတ်ကိုးကွယ်မှုကို အရေးပေးကာ နတ်ဆရာကြီးကို ဘုရင့် ဆရာသခင် အဖြစ် အသိအမှတ် ပြုခဲ့လေသည် ။ ဘုရင်သည် နတ်ဆရာကြီး၏ ဝေဖန် အကြံပြုချက်များကို လက်ခံလိုက်နာ တတ်သဖြင့် နတ်ဆရာကြီး ဂုဏ၏ ဩဇာအာဏာမှာ အမတ်မင်းများ ထက် ပိုမိုသာလွန် ခဲ့လေသည် ။

အနောက်ပိုင်း မျိုးနွယ်စုတို့ မှာ နတ်ဆရာကြီး၏ ဩဇာကြီးမားမှုကို သိရှိခဲ့ကြပြီးနောက် မြောက်ပိုင်း လူမျိုးစုတို့ အား ပူးပေါင်း၍ တိုက်ခိုက်ရန် ကြံစည်လေတော့သည် ။

ထိုအချိန်တွင် မြောက်ပိုင်း မျိုးနွယ်စု ဘုရင်ငယ်စံအိမ်၌ -

"အ ... အမယ်လေး ... ကျွတ် ... ကျွတ် ... "

"အရှင်မ ... ညှစ် ... ညှစ် ... ကလေးက ... ထွက်လာတော့မယ် ... "

အခန်းထဲက အသံများကြောင့် မြောက်ပိုင်း မျိုးနွယ်စုအရှင် အခန်းရှေ့ ခေါက်တုံ့ခေါက်ပြန် လျှောက်နေရင်းမှ လေပူတစ်ချက် မှုတ်ထုတ်လိုက်သည် ။

"ခမည်းတော် ... ခမည်းတော် ... "

ခါးဝတ်ကိုလာဆွဲ၍ ခေါ်နေသော သဥ္စယကို ကောက်ချီလိုက်ရင်း ...

"ပြောလေ ... သမီးတော်ရဲ့ ... "

"မယ်မယ်က ... ဘာလို့ အော်ငိုနေတာလဲဟင်"

"မယ်မယ်က သမီးတော်နဲ့ အတူတူဆော့ဖို့ ကလေး သေးသေးလေး မွေးပေးနေတာလေ ... "

"ကလေးလေးက သိပ်ဆိုးတာပဲနော် ... မယ့်မယ့်ကို ငိုအောင်လုပ်တယ် ... "

သမီးတော်ရဲ့ စကားကြောင့် အရှင်က ရယ်မောလိုက်သည် ။

"အူငဲ ... အူငဲ ... အူငဲ ... "

အတွင်းမှ ကလေးငိုသံ ကြားလိုက်တော့မှ အရှင် သက်ပြင်း ချနိုင်တော့သည် ။ ထိုစဉ်-

ကောင်းကင်တစ်ခုလုံး နီရဲသောအရောင်များ လင်းထိန်သွားသည် ။ ထိုနီရဲသော အရောင်များကို ထုတ်လွှတ်နေသော အရာမှာ တလက်လက် တောက်ပနေသော ကြယ်တစ်လုံး ဖြစ်လေသည် ။ အရှင်က-

"ဒါနိမိတ်လား ... "

ဟု တီးတိုး ရေရွတ်လိုက်စဉ် အခန်းတွင်းမှ ရုံရွှေတော်များ စကားသံကို ကြားလိုက်ရလေသည် ။

"ဟယ် မင်းသားလေးတော့ ... အရှင်မ အရှင်မရဲ့ ဒုတိယမြောက် ရင်သွေးက မင်းသားလေးပါ သူ့လက်ထဲမှာ လဲ စန္ဒကူးပန်းလေး ဆုပ်ထားသေးတယ် ... "

မြောက်ပိုင်း အရှင်တစ်ယောက် မင်းသားလေး ဖွားမြင်သည် ဆိုသောကြောင့် လွန်တရာပျော်ရွှင်သွား-

"မြောက်ပိုင်းမျိုးနွယ်ရဲ့ ဆက်ခံသူအသစ် ပေါ်ပေါက် လာပြီ ... "

ဟု ရွှင်ပြုံးစွာ ဆို လိုက်လေတော့သည် ။

ထိုအခြေအနေကို အခွင့်ကောင်းယူကာ နတ်ဆရာကြီးနှင့် အနောက်ပိုင်း မျိုးနွယ်စု တို့ ပူးပေါင်းကာ ယုတ်မာသော အကြံတစ်ခုကို ကြံစည်လေတော့သည် ။ အကြံအစည် အောင်မြင်ခဲ့လျှင် မြောက်ပိုင်းမျိုးနွယ်စု၏ ပိုင်နက်နယ်မြေသည် အနောက်ပိုင်း မျိုးနွယ်စု အပိုင်ဖြစ်လာမည် ဖြစ်ကာ ဘဏ္ဍာတို့ ကိုမူ နတ်ဆရာကြီးက ရယူမည်ဟု ကတိကဝတ် ထားခဲ့ကြလေသည် ။

သူရဇ္ဇယရွှေမြို့တော် နန်းတွင်းညီလာခံ၌ -

"အရှင်မင်းကြီး ဒီအရေးဟာ ပေ့ါဆသင့်တဲ့ အရေးကိစ္စ မဟုတ်ပါဘူး အရှင်မင်းကြီး ... အရှင်မင်းကြီးရဲ့ ရာဇပလ္လင် တည်မြဲရေး အပြင် လောက ငြိမ်းချမ်းရေးနဲ့ လည်း သက်ဆိုင်နေပါတယ်... "

"အဲဒီကလေးငယ် မွေးဖွားတဲ့ နေ့က နိမိတ်တွေက ပြသပြီးပါပြီ ...

အရှင်မင်းကြီး"

"နိမိတ်တွေက ဘာတွေကို ပြသနေသလဲ ဆရာသခင် ကျွန်ုပ်ကို ညွှန်ပြပါဦး... "

"မှန်လှပါ ကောင်းကင်ကို အနီရောင် လွှမ်းတယ်ဆိုတာ သွေးလွှမ်းမယ့် နိမိတ်ပါအရှင် ... အနီရောင် ကြယ်အသစ်တစ်လုံး ထွက်ပေါ်လာတယ် ဆိုတာ ရာဇပလ္လင်ကိုယူမယ့် ခေါင်းဆောင်တစ်ဦး ပေါ်လာမယ့်သဘောပါ အဲဒီကြယ်ဟာ တခြားအရပ်မှာ ပေါ်လာတယ်ဆိုရင် ပြဿနာ မဖြစ်နိုင်ပေမဲ့ သူတည်နေရာဟာ သူရဇ္ဇနန်းရဲ့ အမိုးတည့်တည့်မှာ ပေါ်လာတာမို့ သူရဇ္ဇယတိုင်းရဲ့ ထီးရေးနန်းရာကို လုယူမယ့်သဘောဆောင်နေပါတယ် အရှင် ... "

နတ်ဆရာကြီး၏ စကားကြောင့် သူရဇ္ဇယဘုရင် တွေဝေသွားလေသည် ။ ဆက်၍ -

"ပြီးတော့ အဲဒီကလေးငယ်ဟာ သွေးကြယ်နဲ့ အတူ မွေးဖွားလာတာဖြစ်လို့ သူ့နှလုံးထဲမှာ သွေးကြယ်အမြုတေ ပါလာပါလိမ့်မယ် အဲဒီ သွေးကြယ်အမြုတေကို ဆောင်ထားတဲ့ သူဟာ အိုတာ၊ နာတာ၊ သေတာ မဖြစ်နိုင်ဘဲ ထာဝရ အသက်ရှင်လိမ့်မယ်"

"လောကမှာ အဲဒီလို အဆောင်မျိုးလည်း ရှိသေးတာလား ... "

"ဟုတ်ပါတယ် အရှင်မင်းကြီး လောကမှာ အဖိုးတန်ဆုံး ရတနာဆိုတာ အကြွင်းမဲ့ ဘုန်းတန်ခိုး ကြီးသူတွေနဲ့ သာ ထိုက်တန်တာ မဟုတ်လား ... အဲသည် အဆောင်ဟာ တစ်မိုးအောက် တစ်ယောက် အရှင်မင်းကြီး အတွက်ဆိုတာ ငြင်းဖွယ်မရှိပါဘူး"

နတ်ဆရာ၏ စကားကြောင့် မင်းကြီးက

"ဒါပေမဲ့ ဆရာသခင် အဲဒါက ကလေးငယ်လေး တစ်ယောက်ပဲလေ ကျွန်ုပ်ရဲ့ ထီးနန်းကိုဘယ်လို ခြိမ်းခြောက်နိုင်မှာ လဲ ... "

"နန်းပြသာဒ်ပေါ်မှာ ညောင်စေ့လေး တစ်စေ့ဟာ အပင်ငယ်လေး အဖြစ် ပေါက်လာတယ်ဆိုရင် ညောင်ပင် ပေါက်ကလေးကို နှုတ်မလား ပြသာဒ်ဆောင်ကို အမျိုးခံမလား ... အရှင်မင်းကြီး ... "

(ညောင်ပင်တို့ ၏ သဘောမှာ သူတို့ ပေါက်ရာနေရာရှိ အရာဝတ္ထု၊ အပင် စသည် တို့ ကို ခြုံငုံ ဝါးမျို၍ ကြီးထွားလာတတ် ကြသည် ။)

"ဒါဆို ဆရာသခင်ရဲ့ သဘောက ... "

နတ်ဆရာကြီးက ဦးခေါင်းကို တဆတ်ဆတ် ညိတ်ပြ လိုက်လေသည် ။

***

(Part 3)

တစ်ချိန်တည်းမှာ ပင် မြောက်ပိုင်းမျိုးနွယ်စု ဘုရင်ငယ်စံအိမ်၌ နန်းလျာမင်းသား၏ (၁၀)ရက်ပြည့် မင်္ဂလာနှင့်အတူ နတ်ပူဇော်ခြင်း ပြုလုပ်ပြီး ဇာတာ စစ်ကြလေသည်။

"အဲဒီနိမိတ် အကြောင်းကို ဟောပေးပါ ကောင်းသလား ဆိုးသလား ဆိုတာ သိချင်မိတယ်"

"မှန်ပါ အရှင် ... နန်းလျာ မင်းသားငယ်ရဲ့ ကံကြမ္မာက အဆိုးနဲ့ အကောင်း ဒွန်တွဲနေခြင်းပါ"

"အကောင်းက ဘာလဲ ... အဆိုးကရော ဘာလဲ ... "

"အရှင့်သားဟာ ထွန်းလင်းတောက်ပတဲ့ ကြယ်တစ်လုံးနဲ့ အတူ မွေးဖွားလာတာကြောင့် ... သူ့ရဲ့ ဂုဏ်သတင်းဟာ ထင်ရှားကျော်စော ပါလိမ့်မယ် ... စန္ဒကူးပန်းကို လက်မှာ ကိုင်ဆောင် မွေးဖွားလာလို့ စိတ်သဘောထား နူးညံ့သိမ်မွေ့ ပါလိမ့်မယ် ... ပတ္တမြားရောင်ကြယ်ရဲ့ သခင်ဖြစ်လို့ တမူထူးခြားတဲ့ ရုပ်ရည်ကိုလည်း ပိုင်ဆိုင်ပါလိမ့်မယ် ... သို့ပေမဲ့ ... "

"သို့ပေမဲ့ ... ဘာဖြစ်သလဲ ... "

"ကျွန်တော်မျိုး စိုးရိမ်မိပါတယ် အရှင် ... အရှင့်သားရဲ့ ဘုန်းကံကြီးမားမှုက အရှင့်သားအတွက် သေ ... သေလမ်း တစ်ခု ဖြစ်နေကြောင်းပါ

အရှင် ... "

"ဟင် ... ဘယ်လို"

"မှန်ပါ့ အရှင် ... ကျွန်တော်မျိုး စိုးရွံ့စွာ လျှောက်တင်ချင်ပါတယ် နန်းလျာမင်းသားရဲ့ ဇာတာအရ သေဘေးကို အကြိမ်ကြိမ် ရင်ဆိုင်ရမယ့် ဇာတာမျိုး ပါဝင်နေပါတယ်အရှင်"

နတ်ဆရာ စကားကြောင့် မြောက်ပိုင်းအရှင် မျက်နှာ၌ စိတ်ရှုပ်ထွေးသည့် အမူအရာများ ဖြစ်ပေါ် လာလေသည် ။

"အသက်ဘေး အန္တရာယ်ကို ကာကွယ်လို့ ရနိုင်မယ့် နည်းလမ်းလေးများ မရှိနိုင်ဘူးလား"

"တစ်နည်းတော့ရှိပါတယ်အရှင် ... "

ထိုအချိန်တွင် -

"ဒုန် ... ဒုန် ... ဒုန် ... ဒုန် ... ဒုန် ... "ဟူသော စည်သံ(၅)ချက်ကို ကြားလိုက်ရလေသည် ။ မြောက်ပိုင်းအရှင် ထိုင်ရာမှ ထရပ်လိုက်ပြီး-

"စစ်ပွဲ စည်သံ ... .. တစ်ခုခုတော့ဖြစ်ပြီ ... "

ဟု ဆိုကာ အနီးအနားရှိ ကိုယ်ရံတော်မှူးအား-

"ကိုယ်ရံတော်မှူး အရှင်မနဲ့ ကလေးနှစ်ယောက်ကို လျှို့ဝှက်ဂူဆီကို ပို့လိုက်ပါ တခြား အစောင့်အရှောက် တွေနဲ့ အတူ ကလေးငယ်တွေ အသက်ကြီးသူတွေကိုပါ တပါတည်း ခေါ်သွားချေ"

"မှန်ပါ့ ..."

မြောက်ပိုင်းအရှင်က တည်ငြိမ်သော အမူအရာဖြင့် ဘုရင်ငယ် စံအိမ်ဝန်းပြင်သို့ ထွက်ခဲ့လေသည် ။ သူ့နောက်တွင် လည်း ကြောက်ရွံ့ပူပ

န်ခြင်း မရှိသည့် ဟန်ပန်နှင့် နောက်လိုက်ပေါင်း(၂၀)တို့ လည်း ပါသွား လေသည်။

တိုက်ခိုက်မှုများ သည် စံအိမ်အပြင်ဘက်တွင် ဖြစ်ပွားနေပြီး လက်န က် ကိုင်ဆောင်၍ တိုက်ခိုက်နေသူများ အပြင် အစွယ်ဖွေးဖွေးနှင့် အနက် ရောင် ဝံပုလွေများ လည်း ပါဝင်လေသည်။

မြောက်ပိုင်းအရှင်က ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ကြည့်လိုက်ရင်း-

"သိက္ခာမရှိတဲ့ ခွေးတွေ ... စစ်မကြေညာဘဲ လာတိုက်ဝံ့တယ် ... တောက်"

မြောက်ပိုင်းအရှင်၏ မျက်လုံးများက ခက်ထန် လာပြီး နီရဲဝင်းတော က် လာလေသည်။

"မယ်မယ် ... မယ်မယ် ... ခမည်းတော်က ဘာလို့ မလာသေးတာလဲ ဟင်"

"ခမည်းတော်က လုပ်စရာအလုပ်လေး ရှိနေလို့ အနောက်က လိုက် လာမှာ ပါကွယ် နော်..."

မယ်မယ်စကားကို မနှစ်သက်ဟန်ဖြင့် သဥ္စယ ဆူပုပ်သွားသည်။ သူ့ စိတ်ထဲ၌

"ခမည်းတော် ဘာတွေညာပြန်ပြီလဲ မသိဘူး အရင်တစ်ခေါက်ကလ ည်း မြူနှင်းဥယျာဉ်မှာ နှင်းရုပ်ကလေးတွေ လုပ်ပြီးဆော့မယ်လို့ ပြော ထားပြီး အလုပ်ရှိလို့ မသွားခဲ့ရဘူး ... ဒီနေ့လည်း မြူနှင်းဥယျာဉ်မှာ ... နှင်းခဲအိမ် သွားဆောက်ကြမယ် ဆိုပြီး အခုတော့ အလုပ်များ နေ ပြန်ပြီ တဲ့ မရဘူး ဒီတစ်ခါတော့ ခမည်းတော် မမေ့အောင် သူ့နားမှာ သွားနေရ မယ် ..."

"အရှင်မ ... လှိုဏ်ဂူလမ်းကို ပိတ်လိုက်ပါတော့မယ် အရှင်မတို့ ဂူအဆုံးထိသွားပါ လမ်းဆုံးရင် ဂူပေါက်တစ်ခု ထပ်တွေ့ပါလိမ့်မယ် ဂူအပြင်ဘက်မှာ စံအိမ်တစ်ခု ရှိပါလိမ့်မယ် ... ရိက္ခာ( ၄ )လစာ အပြည့်ရှိလို့ အရှင်မတို့ အေးအေးဆေးဆေး နေလို့ ရပါတယ် ..."

"ကောင်းပါပြီ ... အရှင့်ကို သေချာစောင့်ရှောက်ပါ ... "

"မှန်ပါ့ ... "

ထို့နောက် ကိုယ်ရံတော်မှူးက ကျောက်တံခါးကို ဆွဲယူ၍ ပိတ်ချ လိုက်လေသည် ။ သူပိတ်လိုက်စဉ် မည်သူမျှ မထင်မှတ်ထားသည့် လုပ်ရပ်ကို လုပ်လိုက်သူက မင်းသမီးငယ်လေး သဇ္ဇယ။ မင်းသားငယ်လေးအား တစ်ဖက်ကချီရင်း ကျန်လက်တစ်ဖက်ဖြင့် မင်းသမီးလေး သဇ္ဇယကို လက်တွဲထားသော မြောက်ပိုင်း အရှင်မ၏ လက်အား ဆွဲဖြုတ်လိုက်ရင်း ဂူအပြင်သို့ ပြေးထွက်သွားလေသည် ။

အရှင်မ ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်သွားပြီး နောက်မှ သတိရကာ-

"သ ဇ္ဇ ယ ... "

ဟု ကျယ်လောင်စွာ အော် လိုက်လေသည် ။ သို့သော် ဂူတံခါးမှာ လုံးဝပိတ်သွားပြီ ဖြစ်၏။ အရှင်မက သူ့ဘေးမှ ကိုယ်ရံတော် တစ်ယောက်အား

"အခုဖွင့်လိုက် ... ဂူတံခါးကို အခုဖွင့်လိုက် ... မင်းသမီးလေး ကျန်ခဲ့ပြီ ... ဖွင့်လိုက် ... "

ကိုယ်ရံတော်က အရှင်မအားခေါင်းငုံ့ ခစားလိုက်ပြီး-

"အရှင်မ လှိုဏ်ဂူတံခါးက တံခါးပိတ်ပြီးရင် လုံးဝပြန်ဖွင့်လို့ မရ

တော့ပါဘူး ... စံအိမ်တော်ကို ပြန်မယ် ဆိုရင်တော့ အပြင်ပတ်လမ်းက နေ သွားရမှာ ပါ"

"ဒါဆို ဘာလုပ်နေသေးလဲ အပြင်ပတ်လမ်းက သွားမှာ ပေ့ါ"

"ဒါ... ဒါပေမဲ့ ... "

"ဘာ ... ဘာ ... ဒါပေမဲ့လဲ ... "

"အပြင်ဘက် ပတ်လမ်းကနေ စံအိမ်ကို ပြန်မယ်ဆိုရင်(၇)ရက်လောက် ကြာမှာ ပါ အရှင်မ..."

ကိုယ်ရံတော်၏ စကားကြောင့် အရှင်မ အရုပ်ကြိုးပျက် ထိုင်ချလိုက်လေတော့သည် ။

မြောက်ပိုင်း ဘုရင်ငယ်စံအိမ်တွင် -

မြောက်ပိုင်းအရှင်၏ မျက်ဝန်းများက နီရဲခက်ထန်လာ ပြီးနောက် စံအိမ်ဝင်ပေါက်ရှိ အထစ်(၄၀)ရှိလှေခါးမှ ခုန်ပျံ၍ ဆင်း လာလေသည် ။ မြောက်ပိုင်းအရှင် လေထဲသို့ ခုန်လိုက်သည် နှင့် တစ်ပြိုင်နက် သူ့အင်္ကျီ အဝတ်အစားများ ပြဲထွက်သွားပြီး သူ့ခန္ဓာကိုယ်မှ ငွေမှ င်ရောင် အမွေးများ ထွက်လာကြသည် ။ လက်သည်းများကလည်း ရှည်လျားပြီး ချွန်မြနေသည် ။

"ဝေါင်း ..."ဆိုသည့် မာန်ဖီသံနှင့်အတူ အစွယ် တမြားမြားနှင့် ကြီးမားသော ငွေရောင်ဝံပုလွေ အဖြစ် ပြောင်းသွားသူက မြောက်ပိုင်းအရှင်။

အနက်ရောင် ဝံပုလွေများ နှင့် လက်နက်ကိုင် တိုက်ခိုက်နေသော လူများ ဘက် ခပ်စူးစူး တစ်ချက်ကြည့်ရင်း ...

"အု ... ဝူ ... အူ ... အူ ... အူ ... "

ဟု ဆွဲငင်စွာ အော်လိုက်သည် ဆိုရင်ပဲ အိမ်တော်ဝင်းထဲမှ မီးခိုးရောင် ဖျော့ဖျော့ရှိ ဝံပုလွေများ ပြေးထွက်လာ ကြလေသည် ။ ထို့နောက် ဆင့်ကဲ ဆင့်ကဲ အော်လိုက်ကျရာ ပတ်ဝန်းကျင် တစ်ခုလုံး ကြက်သီးထဖွယ် ကောင်းအောင် ဆူညံသွားလေတော့သည် ။

ထို့နောက် အနက်ရောင်ဝံပုလွေများ ဘက်မှ ခေါင်းဆောင် ဖြစ်ဟန်တူသော ဝံပုလွေတစ်ကောင် ထွက် လာပြီး ငွေရောင်ဝံပုလွေကို ကြည့်ကာ မာန်ဖီနေသည် ။ အကြီးဆုံး ဝံပုလွေနှစ်ကောင် ရန်ဆောင် မာန်ဖီပြီးနောက် အနက်ရောင် ဝံပုလွေဘက်မှ လွှားခနဲခုန်အုပ်ကာ စတင်တိုက်ခိုက် လေတော့သည် ။

တစ်ဖက်နှင့်တစ်ဖက် တိုက်ပွဲကား ကြောက်ခမန်းလိလိ ပြင်းထန်လွန်းသည် ။ သို့သော် အနက်ရောင် ဝံပုလွေဘက်မှ ငွေရောင် ဝံပုလွေတို့အား မယှဉ်နိုင်ဘဲ ဖြစ်နေလေသည် ။

ထိုစဉ်-

"ခမည်းတော် ... "

ဆိုသည့်ခေါ်သံနှင့်အတူ သူတို့ တိုက်ခိုက်ရာ နေရာသို့ လှေကားမှ တဖြည်းဖြည်း ဆင်းလာသည့် မင်းသမီးလေး သဥ္စယအား တွေ့လိုက်ရလေသည် ။ ငွေရောင် ဝံပုလွေအရှင်က လှမ်းကြည့်လိုက်ပြီး စိုးရိမ်သွားသည် ။ ဤသည် ကိုသိသော အနက်ရောင်ဝံပုလွေက မာန်ဖီကာ မင်းသမီးလေးသဥ္စယ ရှိရာဆီသို့ လျင်မြန်စွာ ပြေးသွားလေတော့သည် ။

ငွေရောင်ဝံပုလွေလည်း နောက်မှ အပြေး လိုက်ခဲ့လေသည် ။ သို့သော် သူတို့ နှစ်ဦးစလုံး မရောက်ခင် ဓားကိုင်ထားသော လူတစ်ယောက်က မင်းသမီးငယ်လေး သဥ္စယအား-

"သေစမ်း ... မိစ္ဆာတွေ ... အကုန်သေကြစမ်း"

ဟု ဆိုကာ ဓားဖြင့်လွှဲခုတ် လိုက်လေသည်။ ငွေရောင်ဝံပုလွေ အရှင်က လျင်မြန်သော အဟု န်နှင့် လှမ်းခုန်အုပ်လိုက်ရာ ထိုလူ ခုတ်လိုက်သောဓားက သူ့ညာလက် တစ်ဖက်အား တိခနဲပြတ်သွားစေပြီး တစ်ဖက်မှ ပြေးလာသော အနက်ရောင်ဝံပုလွေနှင့် တိုက်မိကာ ဘေးဘက်သို့ သုံးလေးပတ်လောက် လိမ့်ထွက်သွားလေသည်။

အနက်ရောင်ဝံပုလွေက လဲကျနေသော ငွေရောင်ဝံပုလွေအား သရော်သည့် အကြည့်မျိုးကြည့်ကာ လဲကျပြီး ငိုယိုနေသည့် မင်းသမီးလေး သဥ္ဇယကို ဂုတ်မှ ဆွဲ၍ ကိုက်ချီ လိုက်လေသည်။

လက်တစ်ဖက် ပြတ်သွားပြီး အားနည်းသွားသော ငွေရောင်ဝံပုလွေအရှင်က တဖြည်းဖြည်းနှင့် လူသားအသွင်သို့ ကူးပြောင်း လာလေသည်။ ထို့နောက် ...

"သိက္ခာမရှိတဲ့ ကောင်တွေ ... ကလေးမှာ ဘာအပြစ်မှ မရှိဘူး အခုချလိုက် ... အကျွတ်ကျွတ်"

အနက်ရောင်ဝံပုလွေက ကိုက်ချီမြဲအတိုင်း ချီထားပြီး အထပ်(၄၀)ရှိ လှေကားပေါ်သို့ ခုန်တက်သွားသည်။ ထို့နောက် ကောက်ကျစ်သော မျက်ဝန်းအစုံဖြင့် မေးစင်းကြည့်လိုက်ကာ လှေကားစွန်းတွင် ရပ်၍ မင်းသမီးလေး သဥ္ဇယအား လွှတ်ချလိုက် လေတော့သည်။

"သဥ ... ဇ ... ယ ... "

အာခေါင် ပေါက်ထွက်မတတ် အော်ရင်း မြောက်ပိုင်းအရှင်ပါးပေါ် မျက်ရည်များ စီးကျလာသည်။ အံကိုတင်းတင်းကြိတ်ရင်း-

"အား..."

ဟု အော်လိုက်ကာ အရုပ်ကလေး တစ်ရုပ်လို လှေကားမှ တစ်ဆင့်ချင်း လိမ့်ကျလာသော သမီးငယ်လေး၏ အဖြစ်ဆိုးကို မျက်မြင်ကြုံတွေ့လိုက်ရလေသည် ။ ခြေအစုံကို အားယူရပ်ရင်း အနက်ရောင်မြေခွေးရှိရာ ပြေးတက်ခဲ့လေသည် ။ တစ်ချိန်တည်းမှာ ပင် မြောက်ပိုင်းအရှင်၏ တပ်ကူများ ရောက်လာသည် ကို သိလိုက်သော အနက်ရောင်ဝံပုလွေနှင့် ဓားကိုင်လူဆိုးတို့ မှာ လျင်မြန်စွာဆုတ်ခွာ သွားကြလေတော့သည် ။

မြောက်ပိုင်းအရှင်က သူ့လက်တစ်ဖက် ပြတ်သွားသည် ကို ဂရုမပြုနိုင်ဘဲ သမီးငယ်ရှိရာဆီသို့ ပြေးသွားကာ ပွေ့ထူလိုက်သည် ။ အသက်မဲ့နေသော သွေးအလိမ်းလိမ်းနှင့် သမီးငယ်ကို ရင်ခွင်ထဲထည့်၍ သူသည်းထန်စွာ ငိုကြွေးနေ လေတော့သည် ။

ကိုယ်ရံတော်မှူးက ကိုယ်ခန္ဓာ ဗလာကျင်းနှင့် သမီးငယ်ကို ဖက်ငိုနေသော မြောက်ပိုင်းအရှင်ကို ခြုံလွှာ ခြုံပေးလိုက်သည် ။ ထို့နောက် မြောက်ပိုင်းအရှင်ရှေ့တွင် ဒူးထောက်ထိုင်လိုက်ကာ လက်နှစ်ဖက်ဖြင့် ဓားတစ်ချောင်းကို ကမ်းပေးလိုက်သည် ။

"ကျွန်တော်မျိုး မင်းသမီးကို မကာကွယ်နိုင်ခဲ့ဘူး ကျွန်တော်မျိုး အမှားပါ အရှင်ကျွန်တော်မျိုးရဲ့ တာဝန် မကျေပွန်မှုအတွက် ကျွန်တော်မျိုး အသက်ကိုပေးပါမယ်"

မြောက်ပိုင်းအရှင်က သမီးငယ်အား မြေပြင်ပေါ်ညင်သာစွာ ချလိုက်ပြီး ကိုယ်ရံတော်မှူး ရင်ဘတ်မှ အင်္ကျီစကို ဆွဲလိုက်ရင်း -

"ဒီမှာ ကြည့် ... ငါကိုယ်တော်မှာ ညာလက်တစ်ဖက် မရှိတော့ဘူး ပြီးတော့ ... ပြီးတော့ ... ငါကိုယ်တော်ရဲ့ ... သ ... သမီးတော်လေးလည်း မရှိတော့ဘူး ငယ်ကျွန်တွေလည်း အများကြီး သေဆုံးကုန်ပြီ အဲဒါကို အဲဒါကို သင်က သင့်ကိုပါ အဆုံးရှုံး ခံခိုင်းနေတာလား ဟင် ပြောစမ်းပါ ...

ငါကိုယ်တော် အကုန်လုံး ဆုံးရှုံးရမှာ လား"

ဟု ဆိုကာ အံကြိတ်ငိုကြွေး လိုက်လေသည် ။ ကိုယ်ရံတော်မှူးက မြောက်ပိုင်းအရှင် ပခုံးကို ဆုပ်ကိုင်အားပေး လိုက်လေသည် ။

မြောက်ပိုင်းအရှင်နှင့် ကိုယ်ရံတော်မှူးတို့ မှာ ငယ်ပေါင်းကြီးဖော် သူငယ်ချင်းများ ဖြစ်ကြပြီး ဆိုးတူကောင်းဘက် သူငယ်ချင်းများ လည်း ဖြစ်ကြသည် ။ နောင်တွင် နန်းလျာမင်းသား၏ ကိုယ်ရံတော် ဖြစ်မည့်သူသည် ကိုယ်ရံတော်မှူးကြီး၏ သားကြီးဖြစ်လေသည် ။

အဖြစ်ပျက်အားလုံး ဖြစ်ပြီးသည့်နောက်-

မြောက်ပိုင်း မျိုးနွယ်စုများ သည် လျှို့ဝှက်ဝံပုလွေဂူ မြို့တော်တွင်သာ နေထိုင်ခဲ့ကြပြီး ထိုမြို့တော်ကို ရောက်ခဲ့ဖူးသူ မရှိသလောက်ပင် ရှားပါးခဲ့သည် ။ နန်းလျာမင်းသား၏ အကြောင်းကိုလည်း ပြောသူမရှိလောက်အောင် ကွယ်ပျောက် သွားလေသည် ။

အကြောင်းမှာ ကား မြောက်ပိုင်းအရှင်သည် နန်းလျာမင်းသား၏ အသက်အန္တရာယ်ကြောင့် သိဒ္ဓိမြို့ကသူ၏ အရင်းနှီးဆုံးဖြစ်သော လူသားဆရာကြီးထံပို့၍ ဘဝမှန်ကိုဖုံးကွယ်ကာ ပညာသင်စေခဲ့သည် ။ "မုတ" ဟူသော အမည်ကိုပေးကာ ကုန်သည် တစ်ဦး၏ သားအဖြစ်ဖြင့် ရှင်သန်စေ ခဲ့လေသည် ။ (၁၈)နှစ်ကြာမျှ အမှန်တရားကို ဖုံးကွယ်ထားပြီးနောက် မြောက်ပိုင်းအရှင်၏ အသက်အရွယ်နှင့် ကျန်းမာရေးကြောင့် မြောက်ပိုင်းမျိုးနွယ်တို့ ၏ အရှင်သခင်အသစ်ကို ပြန်လည်ခေါ်ယူရန် ဆုံးဖြတ်လိုက် ကြတော့သည် ။

၁၈နှစ်ကြာ အနည်ထိုင်ခဲ့ပြီးသော အခြေအနေများ လည်း ပြန်လည် အသက်ဝင် လာခဲ့ပြန်လေသည် ။

မုတ(နန်းလျာ) မင်းသားအား သိန္နီမြို့မှ ပြန်လည် ခေါ်ဆောင်လာသည့်နေ့သည် မုတ၏ ၁၈နှစ်ပြည့်မွေးနေ့ ဖြစ်ပြီး ထိုညတွင် ပဲ သွေးကြယ်မှာ တဖန် ပြန်၍ တောက်ပခဲ့လေသည် ။

"ဒါက(၁၈)နှစ်တောင် ကြာခဲ့ပြီမို့လား"

"ဘယ်လိုလုပ် ဖြစ်နိုင်မှာ လဲ သူက မသေသေးတာလား နောက်ထပ်တစ်ယောက်လား"

"ဘာတွေ ဖြစ်နေကြတာလဲ ... "

တီးတိုးစကား ဆိုနေသူများ နတ်ဆရာသခင် အမေးကြောင့်-

"ဆရာသခင် ... သွေးကြယ်က ပေါ်လာပြန်ပြီ ... နောက်တစ်ခါထပ်ပြီး သွေးရောင်လွှမ်းပြန်ပြီ ... ဆရာသခင် ဘယ်လိုလုပ်ဆောင်ဖို့ စီစဉ်ထားပါသလဲ ခင်ဗျာ ... "

အမတ်မင်းတို့ ၏ အမေးကိုပြန်မဖြေဘဲ နတ်ဆရာက-

"အင်း မင်းကြီးနဲ့ တွေ့မှ ဖြစ်တော့မယ် ... "

ဟု ဆိုကာ မင်းကြီး အဆောင်တော်ရှိရာသို့ ထွက်ခဲ့လေတော့သည် ။ လွန်ခဲ့သော(၁၈)နှစ် အချိန်တုန်းကလိုပင် နတ်ဆရာသခင်၏ စကားအားလုံးကို လိုက်နာဆဲဖြစ်သော မင်းကြီး၏ ဆုံးဖြတ်ချက်ကား-

"အရင်ဆုံးအဲဒီ သွေးကြယ်မိစ္ဆာလေးကို အရင်ရှာ ပြီးရင် နောက်ထပ် ခေါင်းကြွမလာခင် အဲဒီလူမျိုးစုတွေကို သုတ်သင်ပစ်ချေ ... "

ရက်စက်၍ ပြင်းထန်သော အမိန့်ကို ပေးခဲ့လေတော့သည် ။

ထို့နောက် သွေးကြယ်သခင် မုတကို ရှာဖွေကာသုတ်သင်ရန် စီစဉ်

ကြလေတော့သည် ။

***

"မုတ"

"ပြောလေ နောင်ကြီး အက္ခရ..."

"ဒါလေးတွေယူသွား ... "

လက်ထဲ ထည့်ပေးလာသော အထုတ်ကလေးကို မြှောက်ကြည့်ရင်း . ..

"ဒါက ဘာလဲ ... "

"ယုန်သားကို အခြောက်လှမ်းပြီး ကသ်ထားပေးတာ လမ်းမှာ ဆာနေမှာ စိုးလို့ ... "

"ဟင် ဘယ်တုန်းက လုပ်လိုက်တာလဲ ... "

"အရင်ရက်ကတွေ ကတည်းက ကြိုပြင်ထားပေးတာ တစ်နေ့တော့ မုတ ထွက်သွားမှာ ပဲ ဆိုတာသိတယ် ဒါပေမဲ့ ဒီလောက်မြန်မယ်လို့ မထင်ထားဘူး ... ဒါကြောင့် ရှိတာလေးပဲ ယူသွားပါ"

မုတက အက္ခရကို ကြည့်လိုက်ပြီး

"ဘာလို့ ကျွန်ုပ်အပေါ် အရမ်းကောင်းတာလဲ ကျွန်ုပ်က ဆိုးသွမ်းတဲ့သူ တစ်ယောက်ဖြစ်နေရင် ဘယ်လိုလုပ်မလဲ ... "

"သင်ကလား ... အဟက် ... သင့်ပုံစံက ... "

"စ လာပြန်ပြီ"

"ဟုတ်ပြီ မစဘူး မုတ မေးတာဘဲဖြေပေးမယ် တကယ်လို့ မုတက ဆိုးသွမ်းတဲ့ သူ ဖြစ်နေလည်း ကျွန်ုပ်သင့်အပေါ် ကောင်းမှာ ပါပဲ ဘာလို့ လဲဆိုရင် ... ဘာလို့ လဲဆိုရင်..."

***

(Part 4)

"ဟုတ်ပြီ မစဘူး မုတ မေးတာဘဲဖြေပေးမယ် တကယ်လို့ မုတက ဆိုးသွမ်းတဲ့ သူ ဖြစ်နေလည်း ကျွန်ုပ်သင့်အပေါ် ကောင်းမှာ ပါပဲ ဘာလို့ လဲဆိုရင် ... ဘာလို့ လဲဆိုရင်..."

အက္ခရ ပြောလက်စ စကားကိုရပ်လိုက်သည် ။ မုတက အက္ခရ စကားကြောင့် ဘာလို့ လဲဆိုသည့် အကြည့်မျိုးဖြင့် မျက်ခုံးပင့် ကြည့်လိုက်၏။

"ဘာလို့ ဆို ... မုတက ... ကိုယ့်ရဲ့ ညီငယ်လေး တစ်ယောက် မို့လို့ပေါ့ ... "

"ညီငယ်လေး ..."

"အွန်း ..."

"ဟုတ်တာပေါ့ ... တို့ တွေက ညီအစ်ကိုတွေပဲ ... အဟက် ဟက်"

ထို့နောက် နှစ်ယောက်လုံးပြိုင်တူ ရယ်မောလိုက် ကြလေသည် ။

"ဒါနဲ့ ... ကိုယ် ... မုတကို လိုက်ပို့ပေးရမလား"

"ဘာလို့ ... "

"ဒီတိုင်း ... အရင်တစ်ခါလိုပဲ လူမှားပြီး တိုက်ခိုက်ခံရရင် ဘယ်လိုလုပ်မလဲ ဒဏ်ရာ ပျောက်ထားတာလည်း မကြာသေးတော့ အဆင်မပြေ ...

"

" မဟုတ်ဘူး ... ပြေပါတယ် အဆင်ပြေတယ် စိတ်မပူပါနဲ့ ... ကိုယ့်ဘာသာပဲ ပြန်ပါမယ်"

မုတစကားကြောင့် အနည်းငယ် မျက်နှာတည်သွားပြီး

"အင်းလေ အဆင်ပြေတယ် ဆိုတော့လည်း ပြီးတာပါပဲ... "

ဟု ဆိုကာ ရေနွေးတစ်ခွက် လှမ်းယူထည့်ပြီး သောက် လိုက်လေသည်။ မုတက အက္ခရ မျက်နှာကို ခိုးကြည့်လိုက်ရင်း-

"စိတ်မဆိုးပါနဲ့ အက္ခရရယ် သင့်ကိုခေါ်သွားဖို့ မဖြစ်နိုင်လို့ ပါ..." ဟု စိတ်ထဲမှ ဆို လိုက်လေတော့သည်။

***

မုတ အက္ခရကို မော်ကြည့်ရင်း-

"ကျွန်ုပ်သွားတော့မယ် ... ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နော် ... "

"မင်းပဲ ဂရုစိုက်ရမှာ ... "

လက်ပိုက်ထားရင်း ခပ်မာမာ ပြောလိုက်သော အက္ခရစကားကြောင့် တစ်ဖက်ကို မျက်နှာလွှဲကာ ခိုးရယ်လိုက်သည်။ အကင်းပါးသော အက္ခရက-

"ဘာရယ်တာလဲ ... "

"အွမ် ... ရယ်ပါဘူး ... "

"ပြီးရော … မြန်မြန်သွားတော့ အချိန်နောက်ကျရင် တောထဲမှာ ညအိပ်နေရလိမ့်မယ်"

"အွန်း … "

"တွေ့ရာနေရာမှာ မနားနဲ့ ရွာဖြစ်ဖြစ် မြို့ဖြစ်ဖြစ် ရောက်အောင်သွား … "

"အွန်း … "

"မျက်စိဖွင့် နားစွင့်ပြီးနေ …"

"အွန်း … "

အက္ခရ ဆတ်ခနဲ လှည့်ကြည့်ရင်း-

"မင်း ကိုယ့်ကို ပြောင်နေတာလား"

"အာ … မဟုတ်ပါဘူး … "

"အာ့ဆို ပြီးရော ကိုယ်ပေးထားတဲ့ ကတိတော့ ကိုယ်မမေ့နဲ့ ကတိမတည်တဲ့ လူကို ကိုယ်မကြိုက်ဘူး … "

(သူပြောချင်တာ သူရဋ္ဌယမြို့မှာ သူ့ကိုလာတွေ့မယ် ဆိုတာကိုပါ။)

"အွန်း …"

အက္ခကရ မျက်လုံးထောင့်ကပ်ပြီး ခပ်စူးစူး ကြည့်လိုက်သဖြင့် မုတသွားလေးဖြီးပြီး ရယ်ပြ လိုက်လေသည် ။

"သွားတော့မယ် … "

အက္ခရ သူ့အားနှုတ်ဆက်၍ ထွက်သွားသော မုတ ကျောပြင်ကိုကြည့်ရင်း သက်ပြင်းမောတစ်ခု ချ လိုက်လေတော့သည် ။ သူ့စိတ်ထဲ၌ -

ခွေးပေါက်လေး ... သူတကယ် သွားတော့လည်း စိတ်ထဲနေရတာ မကောင်းဘူး အစစအရာရာ အဆင်ပြေပါစေကွာ ...

မုတ လမ်းလျှောက်နေရင်း ပြုံးမိသည် ။"မင်း""ကိုယ်" ဆိုသည့် အသုံးအနှုန်းကို သုံး၍ ပြောသွားသော အက္ခရစကားတို့ က သူ့ကို ကြည်နူးစေသည် ။ စိတ်ဆိုးဆိုးနှင့် မှာ တမ်း ခြွေနေတာတွေက ခပ်မာမာဖြစ်နေပေမဲ့ စိုးရိမ်မှုတွေ စေတနာတွေ အပြည့်အဝ ပါဝင်နေမှန်း သူသိသည် ။ မုတ ကြည်နူးစွာ ပြုံးလိုက်မိပြီးနောက်-

"ဟင် ... ငါဘာဖြစ်နေတာလဲ ... သူ့ဂရုစိုက်မှုကို ပျော်နေတာပဲ့လား ... အင်းပါလေ ငါနဲ့ သူက အစ်ကိုကြီးနဲ့ ညီလေးပဲလေ ပြီးတော့ တစ်ယောက်ယောက်ရဲ့ ဂရုစိုက်မှုခံရတာက ဘယ်သူမဆို စိတ်ကိုပျော်စေမှာပါပဲ သာမန်အပျော်လေး တစ်ခုပါလေ ... သူကအစ အနောက်သန်ပေမဲ့ ကြင်နာတတ်တဲ့ လူ တစ်ယောက်ပါပဲ အဲဒီလိုအစ်ကို တစ်ယောက်ရတာ ကျေနပ်မိတယ် ... "

ထို့နောက် သူတစ်ယောက်တည်း သဘောကျစွာ ရယ်မောလိုက် လေတော့သည် ။

မုတတစ်ယောက် မြောက်ပိုင်းသို့ သွားရာလမ်းအတိုင်း ခရီးနှင် လာပြီးနောက် မွန်းလွဲပိုင်း သောက်ရောက်သောအခါ ရွာတစ်ရွာသို့ ရောက်လာခဲ့လေသည် ။ ရွာလယ် လမ်းမကြီးအတိုင်း ဝင်လာရင်း-

"ဆိုင်တစ်ဆိုင်ရှာပြီး နေ့လယ်စာ တစ်ခုခုစားရမယ် အစ်ကိုတော် ထည့်ပေးလိုက်တဲ့ ယုန်သားခြောက်လေးက အထားခံတော့ နောက်မှ စားတော့မယ်"

ဟု တစ်ယောက်တည်း တွေးနေစဉ်-

"အရှင့်သား ... "

အနောက်မှ ခေါ်သံတစ်ခုကို ကြားလိုက်ရလေသည်။

"အဂ္ဂ ..."

"အရှင့်သား ... အဆင်ပြေပါရဲ့ လား ... ကျွန်တော်မျိုး နောက်ကျသွားတာ ခွင့်လွှတ်ပါ ... "

"ကျွန်ုပ် ဘာမှ မဖြစ်ဖူး ... သင်ရော အဆင်ပြေရဲ့ လား ... ထိခိုက်မိတာတွေ ရှိသေးလား ... တခြားသူတွေရော အဆင်ပြေကြရဲ့ လား ... "

မုတ အမေးကြောင့် အဂ္ဂခေါင်းငုံ့သွားပြီး ခပ်တိုးတိုးဖြင့်

"ကျွန်တော်မျိုးက အဆင်ပြေပါတယ် တခြားသူတွေကတော့ ... အသက် မရှင်ခဲ့ကြပါဘူး"

မုတ မျက်နှာ ညှိုးကျသွားပြီး ဝမ်းနည်းမှုများ အတိုင်းသား ပေါ်လွင်နေသည်။ အဂ္ဂက ပတ်ဝန်းကျင်ကိုဝေ့ ကြည့်ရင်း -

"အရှင့်သား ... ဒီရွာမှာ ကျွန်တော်မျိုးတို့ ရဲ့ အထောက်တော် အိမ်တော်ရှိပါတယ် အရှင့်သား အဲဒီမှာ နေရင် လုံခြုံပါတယ် မနက်မှ မြောက်ပိုင်းကို ခရီးဆက်ကြရင် ပိုအဆင်ပြေပါ လိမ့်မယ်"

"ကောင်းပြီလေ ... သွားကြတာပေ့ါ ... "

အထောက်တော်အိမ် ရောက်သော် နန်းလျာမင်းသား မုတအား နေရာထိုင်ခင်း စီစဥ်ပေးကာ ဧည့်ဝတ်ပြု ကြလေသည်။ အိမ်တော်မှ အမျိုးသမီးငယ် အချို့မှာ ကွယ်ရာမှ ကြည့်ကြရင်း-

"နန်းလျာမင်းသားကို တစ်ခါမှ မမြင်ဖူးခဲ့ဘူး ကြည့်စမ်း ချောရက်လိုက်တာဟယ် ... "

"ဟုတ်ပဲ့ါဟယ် ... ကျွန်ုပ်တော့ သူ့ကို မြင်မိတာမှားပြီ ... "

"ဘာလို့ လဲ ... "

"ဘယ်သူ့မှ လှတယ်လို့ မမြင်တော့လို့ လေ ... "

"ကြည့်ပါဦး သူဥယျာဉ်ထဲမှာ ထိုင်နေတာ လိပ်ပြာလေးတွေ ပို ရောက်လာတယ် သူတို့ စိတ်ထဲ နန်းလျာမင်းသားကို ပန်းလေးတစ်ပွင့် ထင်နေလား မသိဘူးနော် ... "

"သူပန်းလေးတွေကို ကြည့်နေတယ်တော့ ... အဲဒီပန်းလေးနေရာမှာ ကျွန်ုပ်သာ ဖြစ်လိုက်ချင်တော့တယ်"

"စိတ်ကူးယဉ်မနေနဲ့ ကျွန်ုပ်တို့ နန်းလျာမင်းသားက ကျွန်ုပ်တို့ စိတ်ကူးယဉ်နိုင်တဲ့ သူမျိုး မဟုတ်ဘူး နော် ... "

"ဘာပဲဖြစ်ဖြစ် စိတ်ကူးလေးတော့ ယဉ်ပါရစေကွယ် ... "

"အရှင့်သား ... ထွက်သွားတာ ရက်နည်းနည်း ကြာတယ်နော် ကျွန်တော်မျိုး စိုးရိမ်နေတာ အရှင့်သား တစ်ခုခုများ ဖြစ်နေသလားလို့ ပါ"

မုတ သူ့ရှုံ့အိတ်လေးထဲမှ မြားခေါင်းကိုထုတ်ပြီး စားပွဲပေါ်တင်လိုက်ကာ-

"တကယ်တော့ ကျွန်ုပ် မြားမှန်ခဲ့တာ"

"ဟင် ... အရှင့်သား အဆင်ပြေရဲ့ လား အခုရော သက်သာသွားပါပြီ လား"

"သက်သာပါတယ် ကျွန်ုပ်ကို မုဆိုးတစ်ယောက်က ကူညီခဲ့တယ် အဲဒါကြောင့် အခုချိန်ထိ အသက်ရှင်နေခဲ့တာပါ အဂ္ဂ သင်ဒီမြားကို ကြည့်စ

မ်း ဘာအမှတ်အသားတွေ ရှိသလဲ"

အဂ္ဂ မြားခေါင်းကို စေ့စေ့စပ်စပ်ကြည့်ကာ-

"ဆင်မင်းတံဆိပ် ... "

ဟု ရေရွတ် လိုက်လေသည်။

"ဆင်မင်းတံဆိပ် ဟုတ်လား ... အဲဒီ ဆင်မင်းတံဆိပ်က ဘာလဲ ... "

"အရှင့်သား ဆင်မင်းတံဆိပ်က သူရဇ္ဇယတပ်တော်ရဲ့ အထိမ်းအမှတ် တံဆိပ်ပါ ..."

"အော ... ဒါဆို သူတို့ က သူရဇ္ဇယရဲ့ တပ်သားတွေပေါ့ ... ဒါနဲ့ ကျွန်ုပ်မြားထိတော့ မြားတံမှာ အဆိပ်သုပ်ထားလို့ အဆိပ်ပါမိခဲ့တယ် ဘာအဆိပ်လဲ သိနိုင်မလား ကြည့်ကြည့်လိုက်ပါ ... "

"မှန်ပါ အရှင် ကျွန်တော်မျိုး သိသလောက် ဒီအနံ့အသက်က မြက်ရိုးခြောက် အဆိပ်နံ့ပါ ဒီအဆိပ်ကို အနောက်ပိုင်း မျိုးနွယ်တွေပဲ အသုံးပြုကြတယ် ... "

"ဒါဆို ပိုရှင်းလင်းသွားပြီ ... သူတို့ ကလွန်ခဲ့တဲ့ (၁၈)နှစ်က အကြောင်းတွေကို မမေ့နိုင်သေးဘူးပဲ ... အဂ္ဂ သင်ပြောကြည့်စမ်း တကယ်တမ်း မမေ့နိုင်သေးတာက ကျွန်ုပ်ဖြစ်သင့်တာ မဟုတ်ဘူး လား ... ခမည်းတော်ရဲ့ ညာလက်တစ်ဖက်၊ အစ်မတော်ရဲ့ အသက်၊ သေဆုံးသွားတဲ့ မျိုးနွယ်စုတွေရဲ့ အသက်အတွက် မမေ့သင့်တာက ကျွန်ုပ် မဟုတ်ဘူး လား ... "

ခံပြင်းစွာဆိုလာသော နန်းလျာမင်းသား၏ စကားကြောင့် အဂ္ဂ ဦးညွတ်ပြီး နှုတ်ဆိတ်နေ လိုက်လေသည်။

***

မုတ ထွက်သွားသည် နှင့် အက္ခရ ဖမ်းမိထားသော ယုန်ကလေးအား ခြင်းငယ်လေးထဲ ထည့်လိုက်သည် ။ လုံ၊ ဓားရှည်နှင့် အထုတ်ကိုလွယ်၍ တဲအိမ်ထဲတစ်ချက် ငေ့ကြည့်လိုက်ပြီး-

"နှုတ်ဆက်ပါတယ် တဲကလေးရေ ... နောက်မှ ပြန်ဆုံမယ် ... "

ဟု ဆိုကာ သူရဇ္ဇယမြို့တော် ရှိရာဘက်သို့ ခြေဦးလှည့်ကာ ခရီးစခဲ့လေတော့သည် ။

***

( ၅ )ရက်ခန့် ကြာပြီးနောက် ...

နန်းလျာမင်းသားမုတ မြောက်ပိုင်းသို့ ပြန်ရောက်ခဲ့လေပြီ။ သူ့အတွက် မရင်းနှီးသော မွေးရပ်မြေ သို့မဟုတ် မလှပသောဘဝများ စခဲ့ရာနေရာ။ သူ မသိနိုင်ခဲ့သော်လည်း ယနေ့တိုင် သွေးညှီနံ့ရနေဆဲ ဟု ခံစားမိသည့်နေရာ။ ကိုယ့်မွေးဖွားလာခြင်းက တစ်ပါးသူတွေအတွက် ထိခိုက်စေခဲ့သောနေရာ။ အမှန်ဆို သူဒီနေရာကို ဘယ်တော့မှ ပြန်မလာချင်မိပေ။ သို့သော်လည်း (၁၈)နှစ်တာ ကာလပတ်လုံး တစ်ခါမှ မမြင်ဖူးခဲ့သည့် မိဘတွေကို သူမြင်ချင်မိသည် ။

သူ့အပေါ်ထားရှိသည့် ဖခမည်းတော်၏ မျှော်လင့်ချက်ကို မပျက်စီးစေချင်။ သား၏ အသက် အန္တရာယ်အတွက် သူတို့ ၏ အဝေးမှာ ထား၍

လုံခြုံစေခဲ့သည့် သူတို့ မေတ္တာတွေကို သူနားလည်မိသည် ။

လျှို့ဝှက်ဝံပုလွေဂူ မြို့ဝင်ပေါက်တွင် ရပ်၍ အကြာကြီး စဉ်းစားနေမိသည် ။ ထို့နောက် မျက်လုံး အစုံကိုမှိတ်၍ အသက်ကို ဝဝရှူသွင်းလိုက်ကာ အားတင်းလိုက်သည် ။ ပြီးနောက် ခြေတစ်လှမ်းချင်း လှမ်း၍ မြို့တော်ထဲ ဝင်ခဲ့လိုက်ကာ-

"ကျွန်ုပ် ပြန်လာပါပြီ ..."

ဟု ရေရွတ် လိုက်လေသည် ။ စံအိမ်ဝတွင် ခပ်ရေးရေး လှမ်းမြင်ရသည် က သူပြန်အလာကို ကြိုဆိုနေကြသူ တစ်သိုက်။ မုတရင်ထဲမှ လှိုက်တက်လာသည့် ဝမ်းနည်းမှုများ မျက်ဝန်းတို့ စိုစွတ်လာသလို ခံစားနေရသည် ။ တဖြည်းဖြည်းနှင့် နီးကပ်လာသည် နှင့်အမျှ လက်ဖျားများ တုန်ရင်လာရသည် ။

"ဖခမည်းတော်က ဘယ်လိုပုံစံမျိုး ဖြစ်မလဲ င့ါအပေါ်မှာ သူဘယ်လိုဆက်ဆံမှာ လဲ ... မယ်မယ်ကရော ... ဘယ်လိုမျိုး မိခင်ဖြစ်မလဲ ..."

စသည့် အတွေးပေါင်းများ စွာနှင့် သူတစ်လှမ်းချင်း လျှောက်လာခဲ့သည် ။ ဝမ်းနည်းမှု၊ နာကျင်မှုနှင့်အတူ၊ ကြည့်နူးပျော်ရွှင်မှု၊ မျှော်လင့်ချက် စသည့်ခံစားချက်တို့ က သူ့ရင်ထဲ၌ တစ်လှည့်စီ ဖြစ်ပေါ်၍ နေလေသည် ။

သူ့ခြေအစုံကို ရပ်လိုက်သည် ။ သူ့ရှေ့တွင် ရှိနေသော သူများအား မျက်နှာချင်း မဆိုင်ဝံ့၍ ခေါင်းငုံ့ထားမိသည် ။

"သားတော် ..."

အဖျားခတ် တုန်ရင်နေသည့် ခေါ်သံလေး။ ထိုအသံတွင် ဝမ်းနည်းမှု အရိပ်အယောင်များ ပါဝင်နေသည် ။ နန်းလျာမင်းသား ခေါင်းကို ဖြည်း

ညင်းစွာမော့၍ ကြည့်လိုက်သည် ။ မျက်ဝန်းမှာ မျက်ရည်စတို့ ဝဲခိုနေသော မျက်ဝန်း၊ ပြုံးယောင်သန်းနေသော နှုတ်ခမ်းများ နှင့် ခန့်ညားသောလူကြီးက တုန်ရီနေသော လက်တစ်ဖက်ဖြင့် မုတ၏ ပါးပြင်ကို ထိကိုင်လိုက်သည် ။

မုတ၏ မျက်ဝန်း၌ လဲ မျက်ရည်များ ဝေ့ဝဲနေပြီး -

"ဖ ... ဖခမည်းတော် ... .. "

ဟု တိုးလျစွာ ခေါ် လိုက်လေသည် ။ ထို့နောက် တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာ ဖက် လိုက်လေသည် ။ မုတက ညာလက်တစ်ဖက် မရှိသည့်ဖခင်ကို သတိထားမိသွားပြီး မျက်ရည်များ စီးကျ လာပြီး ချုံးပွဲချ၍ ငိုကြွေး လိုက်လေသည် ။ အဘယ်ကြောင့် ဆိုသော် သူ့ကြောင့်ဖခင်၏ လက်တစ်ဖက် ဆုံးရှုံးခဲ့ရသည် မဟုတ်ပါလော။

"တိတ် ... တိတ်ပါ ... ကလေးရယ် ... ကလေးအပေါ် တာဝန်မကျေသလို ဖြစ်ခဲ့ရတယ် အဲဒီအတွက် ခမည်းတော် တောင်းပန်ပါတယ် ... "

မုတက တဟီးဟီးငိုရင်း ခေါင်းကို ခါယမ်းလိုက်သည် ။ မြောက်ပိုင်းအရှင်က မုတကျောကို ပွတ်သပ်ပေးရင်း နှစ်သိမ့် လိုက်လေသည် ။ အတန်ကြာသည့်နောက်-

"ခမည်းတော် ... မယ်မယ်ရော ... မယ်မယ်ရောဟင် ... "

ဘေးဘီကိုဝေ့ဝဲ ကြည့်ရင်း မေးလိုက်သည် ။

"မယ်မယ်က ဘာလို့ မလာတာလဲဟင် ... "

မုတ အမေးအား မြောက်ပိုင်းအရှင်က မပီမသ အပြုံးတစ်ခုနှင့် ပြုံးပြလိုက်ရင်း-

"သားတော်ရဲ့ မယ်မယ်က နေသိပ်မကောင်းလို့ ဒီကိုထွက်မလာနိုင်ဘူး သူ့အခန်းဆောင်မှာ သွားတွေ့ကြမယ်နော် ... "

"အင်း ... မယ်မယ် သားတော်ကိုတွေ့ရင် အရမ်း ပျော်သွားမှာ လားဟင် ... သားတော် မယ်မယ်ကို အရမ်းတွေ့ချင်နေပြီ သားတော်ထင်တာ မမှားဘူးဆိုရင် မယ်မယ်က သိပ်လှပြီး သိမ်မွေ့တဲ့ သူ တစ်ယောက် ဖြစ်လိမ့်မယ် ဟုတ်တယ်မို့လားဟင် ... "

"ဟုတ် ... ဟုတ်တာပေါ့ ... "

မုတ စကားတတွတ်တွတ် မနားတမ်းပြောရင်း သူ့မယ်မယ်ရှိရာသို့ လိုက်လာခဲ့လေသည် ။ ကျယ်ဝန်းသော စံအိမ်တော်ထဲ၌ အခန်းဆောင်များ စွာ ရှေ့မှ ဖြတ်သန်း ခဲ့ကြပြီးနောက် စကြိုအဆုံးရှိ အခန်းတစ်ခုရှေ့တွင် ရပ်လိုက်ကြလေသည် ။

"ဂွမ်း ... ဒုန်း ... "

ရုတ်တရက် ကြားလိုက်ရသော အသံကြောင့် မုတက သူ့ခမည်းတော်ကို လှမ်းကြည့် လိုက်လေသည် ။ ထိုစဉ် အခန်းထဲမှ စကားသံအချို့အား ထပ်မံ ကြားလိုက်ရလေ၏။

"မသောက်ဘူးနော် အဲဒီဆေးတွေက ခါးတယ် ခါးတဲ့ ဆေးတွေသောက်ရင် ငါ့သားလေး သောက်မယ်နို့လည်း ခါးသွားမှာ ပေါ့ သွားသွား ပြန်ယူသွား ... ကလေးရေ ... မယ့်မယ့် သမီးတော်လေးရေ ... မယ်မယ့်ဆီ လာပါဦး ချောင်နားမှာ ပုန်းမနေနဲ့ လေ သမီး မောင်လေးကို လာကြည့်ပါဦး ... ဟီ ဟီ ... မယ်မယ်ကလေးလေး ဟိုမှာ သမီး ဒီမှာ သား ဟိုမှာ သမီး ဒီမှာ ... ဒီမှာ ဘာကြီးလဲ ဟီဟီ..."

မုတ ကြားရသော စကားသံများကြောင့် မျက်ရည်တစ်ပေါက် ဖြုတ်

ခနဲ ကြွေကျသွားသည် ။ အခန်းတံခါးကို မဖွင့်ဘဲ တံခါးကို လက်ဝါးနှင့် ထိထားရင်း တဖြည်းဖြည်း ထိုင်ချ လိုက်လေသည် ။ ဆိုနင့်နေသောရင်ကို လက်တစ်ဖက်က ဖိထားရင်း အံကြိတ်ကာ ငိုနေမိရင်းမှ ရုတ်တရက် -

"ဖြန်း ... ဖြန်း ... "

ဆိုသည့် အသံနှင့်အတူ မုတကြ သူ့ပါးသူ ပြန်ရိုက်ရင်း -

"အဲဒါ သားတော်ကြောင့်ပါ ... သားအပြစ်တွေပါ ... အဲ ... ဒါ ... သား ... တော် ... ကြောင့်... ပါ ... "

မုတ၏ လုပ်ရပ်ကြောင့် မြောက်ပိုင်းအရှင်က လက်များကိုဖမ်းဆွဲ ချုပ်ထားလိုက်ပြီး-

"သားတော် ... သားတော် ... ဒါဒါတွေက သားတော်နဲ့ မဆိုင်ပါဘူးကွယ် ... ခင်ပွန်း တစ်ယောက်ဖြစ်ပြီး ဇနီးကို ကာကွယ်မပေးနိုင်ခဲ့တဲ့ ၊ ဖခင်ဖြစ်ပြီး ရင်သွေးတွေကို ကာကွယ်မပေးနိုင်ခဲ့တဲ့ ခမည်းတော်ရဲ့ အပြစ်တွေပါ ... "

မုတခေါင်းတွင် တွင် ခါယမ်းလိုက်ရင်း

"မဟုတ်ပါဘူး ခမည်းတော် သားတော်ရဲ့ ကျိန်စာသင့်နေတဲ့ မွေးဖွားခြင်းက အ ... အခုလို ဖြစ်စေခဲ့တာပါ တကယ်တမ်း တကယ်တမ်း သေသင့်တဲ့ သူက သားတော်ပါ ခမည်းတော်ရယ် ဒီလိုဒုက္ခတွေ သယ်ဆောင်လာမယ့်သားကို ဘာလို့ များ အသက်ရှင်ခွင့် ပေးခဲ့ရတာလဲ တစ်ခါတည်းသာ သတ်ခဲ့ပါတော့လား ခမည်းတော်ရယ် ... အ ... အခုတော့ အားလုံးရဲ့ ဒုက္ခကောင်ဖြစ်နေတဲ့ သားတော်ကို နှစ်အကြာကြီး ကာကွယ်ပေး ထားခဲ့သေးတယ် ... သားတော် သားတော် လောကကြီး

မှာ တကယ် မနေသင့်တော့ဘူး ... "

ဟု ဆိုကာ ကိုယ်ရံတော်ထံမှ ဓားကို ဆွဲထုတ် လိုက်လေသည် ။ ကိုယ်ရံတော် အဂ္ဂက အလျင်အမြန် လှုပ်ရှားလိုက်ပြီး နန်းလျှာမင်းသား မှတလက်ထဲမှ ဓားကိုပြန်လုယူကာ မလှုပ်ရှားနိုင်အောင် ချုပ်ထား လိုက်လေသည် ။ မြောက်ပိုင်းအရှင်က-

"သားတော် ဘာလို့ အခုလို လုပ်တာလဲ သားတော် ခမည်းတော် အတွက် နည်းနည်းမှ တောင် မစဉ်းစားတော့ဘူးလား ... အခုဆို ခမည်း တော်ဆီမှာ ဘယ်သူမှ မရှိတော့ဘူး ဒီနှစ်တွေအတွင်းမှာ ဘယ်လောက် အထီးကျန်ပြီး ဝမ်းနည်းခဲ့ရလဲသိလား သားတော် ... တစ်နေ့နေ့ သား တော်နဲ့ ပြန်တွေ့ရဖို့ အများကြီး မျှော်လင့်ခဲ့ရတာ ... အနည်းဆုံး ခမည်း တော်အတွက် မဟုတ်ရင်တောင် ... မြောက်ပိုင်း မျိုးနွယ်စုတွေအတွက် သားတော်ရှိနေမှ ဖြစ်လိမ့်မယ် ... အဲဒီတော့ သားတော်စဉ်းစားပါ တစ်ခု ခုမလုပ်ခင် သေချာပြန်စဉ်းစားပါ သားတော် ... "

ဟု ဆိုကာ ဝမ်းနည်းမှုများ ပြည့်နှက်နေသည့် မျက်နှာဖြင့် မြောက် ပိုင်းအရှင် ထွက်သွားလေတော့သည် ။

***

ယနေ့သည် သူရဋ္ဌရွှေပြည်၏ ပန်းဈေးနေ့ ဖြစ်ပါသည် ။ ပန်းဈေးနေ့ သည် တစ်နှစ်တွင် တစ်ကြိမ်သာ ကျင်းပလေ့ရှိပြီး အနယ်နယ် အရပ်ရပ် မှ ရှားပါးပန်းပင်များ ၊ ဆေးဖက်ဝင် ပန်းပင်များ လာရောက် ရောင်းချ ကြပြီး စည်ကားလှသော နေ့တစ်နေ့ ဖြစ်လေသည် ။

"သုမန သခင်မလေး ... ကျွန်တော်မျိုးမကို စောင့်ပါဦး ... "

စည်ကား ရှုပ်ထွေးနေသော ဈေးလမ်းတွင် ခပ်သွက်သွက် သွားနေသော သုမနကို သူငယ်ကျွန်မလေးက အမီလိုက်နေရသည် ။ တိုးကာဝှေ့ကာသွားရင်း ရုတ်တရက် သုမန၏ ပုဝါကို တစ်စုံတစ်ယောက်က စောင့်ဆွဲလိုက်သကဲ့သို့ ဖြစ်သွားလေသည် ။

" ဗြို ... "

ဆိုသည့် အသံနှင့်အတူ သူမ၏ ပုဝါ ပြုသွားပြီမှန်း သူမသိလိုက်သည် ။ စိတ်ဆိုး မာန်ဆိုးနှင့် လှည့်ကြည့် လိုက်သောအခါ သမင်ချို ထည့်ထားသောခြင်းကို လွယ်ထားသည့် မုဆိုးတစ်ဦးအား တွေ့လိုက်ရလေသည် ။

"ရှင် ဘယ်လိုလူလဲ ... "

"ဗျာ ... ဘာလို့ လဲ ... "

"သမင်ချို တကားကားနဲ့ ဒီလိုလူရှုပ်တဲ့ လမ်းကို လာစရာလား ... အခုတော့ ... "

"ဒီလမ်းက သမင်ချို ထမ်းပြီး မလာရဘူးလား ... "

"ဟင် ... "

"အမိန့်စာ ကပ်ထားတာလား ... "

"ရှင် ... ရှင်လာရွဲ့နေတာလား ... "

"မရွဲ့ပါဘူး ... တကယ် သိချင်လို့ မေးတာ ... "

"အဲဒီလိုတော့ မရေးထားဘူးပေါ့ ... ဒါပေမဲ့... "

"ဒါပေမဲ့ ဘာဖြစ်လဲ ... ဒီလမ်းက ဒီကသခင်မလေး အပိုင်ဆိုပြီး ဝယ်ထားလို့ လား"

"ရှင် ရှင် ... "

"သ ... သ ... ခင်မလေး ... ဟူး ဟဲ ဟူးဟဲ အမယ်လေး မောလိုက်တာ ... ဟူးဟူး ... ဟင်း... ဘာ ဘာတွေ ဖြစ်နေတာလဲဟင် ... အယ် သခင်မလေးပုဝါ ပြဲနေတယ် ဘယ်လိုဖြစ်တာလဲ..."

သူ့အမေးကို သုမနသခင်မလေး ပြန်မဖြေဘဲ သမင်ချိုခြင်းနှင့်လူကို ဘုကြည့်ကြည့် နေလေသည်။ ထိုသူကလည်း ခပ်တည်တည် စိုက်ကြည့် နေသည် ကို တွေ့ရလေသည်။ ထို့နောက် သုမန သခင်မလေးကစ၍

"သွားမယ် ... လာ"

"သခင်မလေး ပုဝါပြဲသွားတယ်လေ ဘယ်လိုလုပ်မှာ လဲ ... "

"ဘာကို ဘယ်လိုလုပ်ရမှာ လဲ အလျော်တောင်းရမှာ လား သူ့ပုံလည်း ကြည့်ဦး ဘယ်လိုလုပ် ပြန်လျော်နိုင်မှာ လဲ သွားကြမယ် ဂရုစိုက်မနေနဲ့ ... "

ဟု ဆိုကာ ခြေဆောင့်နင်းရင်း ထွက်သွားလေသည်။ အက္ခရက ထွက်သွားသော စွာတေးမကိုကြည့်ရင်း နှာခေါင်းရှုံ့ လိုက်လေသည်။ ထိုစဉ်နံဘေးမှ လူသုံးလေးဦးက

"အဲဒါ ပန်းကလေးလိုလှပြီး ဓားကလေးလိုထက်တဲ့ ပညာရေး အမတ်ကြီးရဲ့ သမီး သုမနလေးမို့လား"

"ဟုတ်တယ် ဟုတ်တယ် သူပဲ ..."

"အလိုလိုက်ထားလို့ ... ဆိုးနေတဲ့ သမီးလေးလို့ ပြောကြတာ မမှားဘူးပဲ ... "

အက္ခရ တစ်ပေါက် ပြောနေသံများကို ကြားရ၍ စိတ်ထဲ၌

"အော် ပညာရေးအမတ်ကြီးရဲ့ သမီးလား"

ဟု တွေးလိုက်ပြီးနောက် သူ့လမ်းသူ ဆက်လျှောက်ခဲ့ လေတော့သည် ။

အက္ခရ ရေချိုးကန်ထဲတွင် အတန်ကြာ ရေချိုးပြီးနောက် စိုစွတ်နေသောသူ့ ဆံပင်တို့ ကို ခြောက်အောင် သုတ်လိုက်သည် ။ ထို့နောက် သင်တုန်းစားယူကာ ရှည်နေသော မုတ်ဆိတ်မွေး များအားရိတ်လိုက်သည် ။ သစ်လွင် တောက်ပနေသော ဝတ်စုံအစိမ်းနုလေးကို ဝတ်ဆင်လိုက်ကာ ဆံထုံးကိုသေသေ သပ်သပ်ရပ်ရပ် ထုံးလိုက်၏။ ကြေးမုံတွင် ပေါ်နေသော မျက်နှာကို သေသေချာချာ ကြည့်ရင်း-

"အင်းငါတော့ ဒီနေလောင်ထားတဲ့ ရုပ်ရည်နဲ့ အပြောတော့ ခံရတော့မယ် ... "

ဟု ဆိုကာ ယုန်ထည့်ထားသော ခြင်းလေးကို ယူ၍ အခန်းထဲမှ ထွက်ခဲ့လေတော့သည် ။

"အလိုလေး ... အရှင့်သား ... ဘယ်အချိန်က ပြန်ရောက်နေတာလဲ ကျွန်တော်မျိုး မသိလိုက်ဘူး ... "

အံ့အားသင့်သလို မေးနေသော ငယ်ကျွန်မောင်တိန့် အမေးကို သူရယ်လိုက်ရင်း ...

"အပိုတွေ ... သင် ဘယ်တုန်းက ကျွန်ုပ်သွားတာ ပြန်လာတာ သိလိုက်ရလို့ လဲ ... အခုမှ လာအံ့ဩပြနေတယ် ... "

"ဟီးဟီး ... "

"မယ်မယ် ... စိတ်ဆိုးနေသလား ... "

အက္ခရအမေးကို မောင်တိန်က အံကြိတ်ကာ ခေါင်းကို တစ်ချက်ချင်း ညိတ်ပြ လိုက်လေသည် ။

***